# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း၄ ရက်၊ တနင်္လာနေ့၊ (18-6-2007) (၅၃၅၂)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒဂုံတံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှု သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ခြင်းလုပ်ငန်း စစ်ဆေး

ရန်ကုန် ဇွန် ၁၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ဒဂုံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။**

ဒဂုံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် တံတားကြီးပေါ်၌ ရန်ကုန်ဘက်ကမ်းမှ သန်လျင်ဘက်ကမ်းသို့ သံကူကွန်ကရစ် ရက်မများအားလုံးနေရာချပြီးသဖြင့် ရေလယ်တိုင် (P-11) မှ (P-12) သို့ သံကူကွန်ကရစ်ကြမ်းခင်း ခြောက်လမ်းသွား အကျယ်ကို သုံးလမ်းသွားအထိ သွန်းလောင်းပြီးစီး၍ အပြီးသတ် တံတားခန်းဖွင့်အား သံကူကွန်ကရစ် ကြမ်းခင်းသွန်းလောင်းခြင်း အခမ်းအနားသို့ တက်ရောက်၍

**စာမျက်နှာ ၂ ကော်လံ ၃ သို့ ***

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ဒဂုံတံတားခန်းဖွင့်အား သံကူကွန်ကရစ် ကြမ်းခင်းသွန်းလောင်းခြင်း အခမ်းအနားတွင် ကွန်ကရစ် တွန်းမှုတ်ပေးသည့် (Concrete Pumptruck) ၏ စက်ခလုတ်ကိုနှိပ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။**

(ဆောက်လုပ်ရေး)






ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

"ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ လူနေမှုအဆင့်မြင့်မားမှု၊ စားဝတ်နေရေး ချောင်လည်မှုတွေကို မြန်မာနိုင်ငံသားတိုင်း လိုချင်တောင့်တနေတဲ့အချိန်မှာ မစုဟာ အနောက်အုပ်စုရဲ့ အနှောင်အဖွဲ့မှ ရုန်းထွက်ပြီး နိုင်ငံတော်အစိုးရ၊ မြန်မာပြည်သူလူထုတို့နဲ့ လက်တွဲဖို့ လိုအပ်နေပါပြီ။ သန်းပေါင်း (၅၀)ကျော်သော မြန်မာပြည်သူတို့ရဲ့ မျက်နှာကို သမင်လည်ပြန် ငဲ့ကြည့်ရင်း ဆုပေါင်း (၈၀)ကျော်ဖြင့် ချုပ်နှောင်ထားသော အနောက်အုပ်စုရဲ့ အချုပ်အနှောင်မှ အမြန်ဆုံး ရုန်းထွက်လိုက်ပါလား"

ငါးမင်းဆွေ၏ ***"အမြန်ဆုံး ရုန်းထွက်လိုက်ပါတော့လား"*** (ဆောင်းပါး)

စာမျက်နှာ– ၈၊ ၉


**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၁၈–၆–၂၀၀၇
(တနင်္လာနေ့)

# ပတ်ဝန်းကျင်သန့်ရှင်းမှု ဂရုပြုဆောင်ရွက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေးသည် အဓိက အလေးထားရမည့်အချက် ဖြစ်သည်။ ယခုအခါ မိုးရာသီသို့ ကျရောက်လာပြီဖြစ်ရာ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊ တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ကြရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ၂၀၀၆ ခုနှစ်တွင် အရှေ့တောင်အာရှဒေသ၌ ပြန်လည်ဦးမော့လာပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားမှုများပြားလာကာ သေဆုံးမှုများပင်ရှိနေသည်။

မိုးရာသီကာလများတွင် ခြင်ပေါက်ပွားမှု အများဆုံးဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ပိုမိုများပြားလာနိုင်သည်။ အထူးသဖြင့် အသက် ငါးနှစ်မှ ၁၀ နှစ်အရွယ်ကလေးများတွင် အဖြစ်များသဖြင့် စာသင်ကျောင်းများ ပတ်ဝန်းကျင်အခြေပြု၍ ထိထိရောက်ရောက် ဆေးဖျန်းခြင်း၊ ပိုးလောက်လမ်းကင်းစင်ရေး လုပ်ဆောင်ခြင်းများကို အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည် ရေသန့်တို့တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ ခြင်ပုန်းများ မပေါက်ပွားစေရန် ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားခြင်း၊ ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးခြင်း၊ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ခြင်း၊ ခြင်ကိုက်မခံရစေရန် ခြင်ထောင်၊ ဆေးစိမ်ခြင်ထောင်များ အသုံးပြု၍ အိပ်ခြင်းတို့ကို သတိပြုလုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့ပြင် မိမိအိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောနေရာများအား မြေဖို့ခြင်း၊ မိုးရေတင်ကျန်နိုင်သော ဘူးခွံ၊ ပုံးခွံ၊တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့အား ရှင်းလင်းခြင်း၊ အိမ်တွင်း အိမ်ပြင် သန့်ရှင်းစွာထားရှိခြင်းတို့ကို အခါမလပ် ပြုလုပ်ကြရန် လိုအပ်ပေသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။ ပြည်သူတိုင်းကလည်း ကျန်းမာရေးအသိဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှု ဂရုပြု၍ဆင်ခြင်နေထိုင်ရင်း သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးလုပ်ငန်းများတွင် စုပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းကျန်းမာ ရောဂါဘယကင်းရှင်းကြမည် ဖြစ်ပါသည်။ ။



## ပေးအပ်လှူဒါန်း

မိခင်ဒေါ်ကျင်မြိုင်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းနေ ဦးကေကြည်မောင်–ဒေါ်ယဉ်ယဉ်မြင့် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို ပိဋကနှစ်ပုံခွဲအောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ–နီ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

* ရှေ့ဖုံးမှ

ကွန်ကရစ်တွန်းမှုတ်ပေးသည့် (Concrete Pump Truck)၏ စက်ခလုတ်ကို နှိပ်ပြီးအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး ကွန်ကရစ်သွန်းလောင်းနေမှုကို အားပေးချီးမြှင့်သည်။

ရှေးဦးစွာ အပြီးသတ် ကွန်ကရစ်သွန်းလောင်းခြင်းအား အိုးစည်ဒိုးပတ်အဖွဲ့မှ အောင်စေပိုင်စေသီချင်းဖြင့် ဂုဏ်ပြုတီးမှုတ်ပေးခြင်းကို ဝန်ကြီးက ဂုဏ်ပြုဆုချီးမြှင့်၍ ရန်ကုန်ဘက်မှ သန်လျင်ဘက်သို့ တံတားပေါ်မှမော်တော်ယာဉ်များဖြင့် ဖြတ်သန်းမောင်းနှင်ပြီး တံတားကြီး၏ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒဂုံတံတားသည် သံကူကွန်ကရစ် R.C.D ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မသံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်းအရှည်ပေ ၄၅၄ဝနှင့် ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီ နှစ်ဖက်ပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ယခုအခါ ဒဂုံတံတား၏ ရန်ကုန်ဘက်ကမ်းနှင့် သန်လျင်ဘက်ကမ်း ချဉ်းကပ်တံတားများပြီးစီး၍ ပင်မတံတားတွင် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ ၁၆ခန်းကို အားလုံးတပ်ဆင်ပြီးစီးသဖြင့် သံကူကွန်ကရစ်ကြမ်းခင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အပြီးသတ် တံတားခန်းဖွင့် ရေလယ်တိုင် (P-11) မှ (P-12) တွင် ယာဉ်သွားလမ်း ခြောက်လမ်းသွားကို သုံးလမ်းသွားအထိ သံကူကွန်ကရစ်ကြမ်းခင်းပြီးစီးကာ ကျန်သုံးလမ်းသွားအပိုင်းကို ကွန်ကရစ်သွန်းလောင်းလျက်ရှိပြီး တံတားလက်ရန်းနှင့်အချောသပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ခြင်းအား မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ဓမ္မာရုံတည်ဆောက်ရေးအလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်း (၄)ရပ်ကွက်နှင့် အောင်သုခ ဓမ္မရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒိသာရအမှူးပြု၍ တည်ဆောက်လျက်ရှိသည့်အောင်သုခဓမ္မာရုံအတွက် အလှူငွေပေးအပ်ပွဲကိုယနေ့ညနေက အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အသင်းဝင် ရွှေပန်းထိမ်ဆရာ ဦးထုံ (ဦးထုံရွှေပန်းထိမ်)၏ (၈၅)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် သိန်း၂၀ကို သားဖြစ်သူဦးကျော်ဝင်းနှင့်ဦးကျော်မြင့် (ဦးထုံရွှေပန်းထိမ်ဆိုင်) တို့က ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)**

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ပရဟိတကျားကျောင်း၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ မေရီချက်ပ်မင်းဆွံ့အနားမကြားကျောင်း၊ သိမ်ဖြူလမ်းရှိ သီလရှင်ကျောင်း ဘိုးဘွားရိပ်သာနှင့် စိတ်ကျန်းမာရေးဆေးရုံတို့သို့ ငွေပဒေသာပင်အလှူငွေ ကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းသည်။ မွေးနေ့အလှူရှင် ရွှေပန်းထိမ် ဆရာ ဦးထုံ (ဦးထုံ ရွှေပန်းထိမ်) က စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၂၇သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် အလှူရှင် ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)တို့ ဇွန် ၄ရက်တွင် ကျောက်တံခါးမြို့နယ်တောင်ခင်ကျေးရွာရှိသုတဘဏ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## မိတ္ထီလာ အထက(၂) ရွှေရတုပွဲတော်နှင့် မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဇွန် ၁၇**

မန္တလေးတိုင်း မိတ္ထီလာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်နှင့် ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဩဂုတ် ၃ရက်မှ ၅ရက်အထိ အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကျောင်းမှ အသက်(၆၀) ပြည့် အငြိမ်းစားယူပြီး သက်ရှိထင်ရှား ဆရာ၊ဆရာမကြီး ၁၀၀တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်း လိုသူများသည် ဦးစောဌေး–ဖုန်း–၀၆၄–၂၃၆၆၀၊ ဦးဆုမြိုင်–ဒေါ်ရင်ရင် – ဖုန်း–၀၁ ၅၈၄၇၈၈၊ ဦးဇော်ဦး – ဒေါ်မြင့်မြင့်သန်း –ဖုန်း–၀၆၄–၂၃၇၃၆၊ဒေါ်ရီရီ–ဖုန်း–၀၆၄–၂၃၄၀၄၊ ဦးဝင်းမြင့်–ဖုန်း–၀၆၇–၂၃၄၀၈၊ ဦးတင်ထွေး ဖုန်း–၀၆၄–၂၄၇၂၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်၊ (သတင်းစဉ်)



ရန်ကုန်မြို့ သာကေတမြို့နယ် ၁၀ တောင် M.P.P.E အရာထမ်းအိမ်ရာဝင်းနေ ဦးတင့်လွင်– ဒေါ်သင်းသင်းကြူ၊ သား မောင်အာကာလွင်၊ မောင်ငြိမ်းချမ်းယံ မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)






**အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ဇွန် ၁၆ ရက်က အင်းစိန်အထက(၁) မလိခဆောင်၌ကျင်းပရာ အသင်းနာယက မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်၊ ဦးအေးသိန်း၊ ဥက္ကဋ္ဌဦးယဉ်ကျော်(ဒါရိုက်တာမောင်ယဉ်ကျော်)နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။** (၆၁)

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တပ်ကုန်းမြို့နယ်ရှိ မွေးမြူရေးဇုန်များ ကြည့်ရှုစစ်ဆေး ရောဂါကာကွယ်ရေး ဂရုပြုဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇွန် ၁၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ မွေးမြူရေးဇုန်(၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) နို့စားနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

**ဂရုပြုဆောင်ရွက်**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) ဆိတ်မွေးမြူရေးခြံကိုလည်းကောင်း၊ သိုးမွေးမြူရေးခြံကို လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းဋ္ဌေးနှင့်အဖွဲ့၏ CP ဆိတ်မွေးမြူရေးခြံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မွေးမြူရေးအထောက်အကူပြု စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားရန်၊ မွေးမြူထားရှိသော တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းရှင်များဖြစ်သော ဦးအောင်မင်း၏ ဆိတ်မွေးမြူရေးခြံကိုလည်းကောင်း၊ ဦးကျင်စု၏ ဆိတ်မွေးမြူရေးခြံကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန်(၂)ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ နို့မှုန့်နှင့် နို့ချက်စက်ရုံ တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဘက်စုံသုံးမီးဖိုတစ်မျိုး သိပ္ပံပညာရှင်များ တီထွင်

**နော်တင်ဟန်(အင်္ဂလန်) ဇွန် ၁၇**

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများ အသုံးတည့်စေမည့် ဘက်စုံသုံးမီးဖိုတစ်မျိုးကို ဗြိတိန်နိုင်ငံရှိ သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ထားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အင်္ဂလန်အလယ်ပိုင်း နော်တင်ဟန်မြို့ရှိ သိပ္ပံပညာရှင်များသည် သုံးမျိုးအသုံးပြုနိုင်မည့် မီးဖိုတစ်မျိုးကို တီထွင်ခဲ့ကြသည်။

ယင်းမီးဖိုသစ်မှာ SCORE မီးဖိုဟုခေါ် တွင်ပြီး Stove for Cooking, refrigeration and electricity ဟူသော စကားစုကို အတိုကောက်ပြုထားခြင်းဖြစ်သည်။

အာရှနှင့် အာဖရိကတိုက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လောင်စာရရှိရေးအတွက် ထင်းကို အသုံးပြုနေကြရကြောင်း၊ မိမိတို့ တီထွင်ထားသော မီးဖိုသည် ချက်ပြုတ်ရာ၌သာမက အအေးခံခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းတို့အတွက်လည်း အသုံးပြုနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားပြီး ကုလသမဂ္ဂ၏ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး ရည်မှန်းချက်ကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိပ္ပံပညာရှင် ပေါလ်ရီလေးက ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျေးလက်ဒေသများတွင် ထင်းရှာခြင်းအတွက် နေ့စဉ်နှစ်နာရီခန့် အချိန်ပေးရကြောင်း၊ ထင်းကို လောင်ကျွမ်းစေခြင်းဖြင့် ပေါ်ထွက်လာသည့် စွမ်းအင်၏ ၉၃ ရာခိုင်နှုန်းမှာ လေလွင့်မှု ဖြစ်ပေါ်ပြီး မီးခိုးအဖြစ်သို့ ရောက်ရှိ သွားကြောင်း ၎င်းက ပြောကြားသည်။ ကျေးလက်ဒေသများတွင် လောင်စာ ထင်းအတွက် ထင်းခွေရမှု သက်သာခြင်းဖြင့် ကလေးများမှာ ပညာသင်ကြားနိုင်ခွင့် ပိုမိုရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်***







**ချက်ပြုတ်ခြင်း၊ အအေးခံခြင်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခြင်းတို့ ပြုလုပ်ပေးနိုင်သော SCORE မီးဖိုကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**SCORE မီးဖို လုပ်ငန်းလုပ်ဆောင်ပုံကို ဖော်ပြသည့် သရုပ်ပြပုံကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ပန်းဘဲတန်းမြို့နယ် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် ဇွန် ၁၇**

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇွန် ၁၁ ရက်က အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ အလင်းရောင်(၂) စာကြည့်တိုက်တွင် ကျင်းပရာ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် အမှတ်(၇)ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြသန်းက "စာပေမြင့်မှ လူမျိုးမြင့်မည်" အကြောင်းကို ဟောပြောပြီးနောက် စာဖတ်ဝိုင်းကျင်းပရာ ၇-၆-၂၀၀၇ ရက်နေ့ထုတ်သတင်းစာပါ ဆောင်းပါးရှင် ကိုရဲမောင်၏ "ညီမလေးမစုထံသို့ပေးပါ" ဆောင်းပါးကို အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးမြင့်ကြည်နှင့် စာကြည့်တိုက်မှူး ဒေါ်တင်တင်မြတို့က ဖတ်ကြားကြသည်။ ရပ်ကွက်အတွင်းမှ ဦးအောင်မြင့်နှင့် ဒေါ်အေးမြင့်ကြည်တို့က ဆောင်းပါးပါ အကြောင်းအရာများကို ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းက သုံးသပ်ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)** ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)



## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

☆ မြူဆွယ်ကာ ပူးရစ်ထွေးလာတဲ့
မူးယစ်ဆေး သူယောင်မယ်၊
ကျွမ်းဝင်ကာ အကဲစမ်းလို့
စွဲလမ်းခင်တွယ်၊
ကျုံရင်းနစ် မြုံးသဖွယ်
ရုန်းမလွယ် အခက်ပွား။
အတွေးလွန် ဆေးနွံနစ်ကာ
မူးယစ်ပျော်ပါး။

☆ မူးယစ်ပျော် စရိုက်ယွင်းပျက်
မိုက်တွင်းနက် အမှုပွေ၊
မဆင်ခြင် ထင်ရာစိုင်းလို့
ရိုင်းလွန်းလှပေ၊
အဆိပ်မှိုင်းရယ်ကြောင့်
စိတ်ထိုင်းလို့ တွေဝေ
ပေတေတေ အသေစော။
မသေမီ စိတ်ချောက်ချားကာ
ဖောက်ပြားလွင့်မျော။

☆ စိတ်ဖောက်ပြန် လူလုံးမလှ
ယူကျုံးမရ နာကြည်းဖွယ်၊
မူးယစ်အန္တယ် ဆေးဝါးမျိုက
ဘေးဆိုးတွေကြွယ်၊
လူတိုင်းရဲ့ ရန်စွယ်
အန္တရာယ် ကြီးမား။
ဒုက္ခစုံ သောကပေးနေတဲ့
သွေးစုပ်ကောင်အလား။

☆ ဒုက္ခစုံ သောကပေးနေတဲ့
မူးယစ်ဆေး အဝေးနှင်၊
အတွေးတူ ဖေးကူဝိုင်းပါလို့
လူတိုင်းပါဝင်၊
မူးယစ်ဆေး ဆန့်ကျင်
သန့်စင်တော့ ငြိမ်းအေး။
လူ့ဝန်းကျင် ကောင်းကျိုးဆင့်
ဂုဏ်တင့်တယ်လေး။ ။

**ကိုကြီးကျော်(ပညာရေးသုတေသန)**

## စာပေဗိမာန် စာမူဆုပြိုင်ပွဲ ၂၀၀၆ အတွက် ဘာသာပြန်စာမူ ပြဋ္ဌာန်း

**ရန်ကုန် ဇွန် ၁၇**

နှစ်စဉ် ကျင်းပလျက်ရှိသော စာပေဗိမာန် စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၀၆ ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူဆု (၂၀၀၆ ခုနှစ်အတွက်) Creative Expression ကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန် အရောင်းဆိုင်တွင် တန်ဖိုးငွေ ကျပ် ၁၆၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

**ပေးပို့မှာယူနိုင်**

ပြိုင်ပွဲဝင် စာမူအတွက် သတ်မှတ်ထားသည့် ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ယင်းပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်အဖွဲ့ စာတည်းဌာနတွင် ငွေကျပ် ၃၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလို သူများသည် ငွေကျပ် ၄၀ ကို ငွေသား (သို့မဟုတ်) တံဆိပ်ခေါင်း တန်ဖိုးဖြင့် ပေးပို့မှာယူနိုင်ကြောင်း သိရသည်။

**ယှဉ်ပြိုင်နိုင်**

ဘာသာပြန်စာမူ ပြဋ္ဌာန်းစာအုပ်ကို နယ်မှ ဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးနှင့် တံဆိပ်ခေါင်း အပါအဝင် စုစုပေါင်းငွေကျပ် ၂၀၀ကို ငွေပို့လွှာဖြင့် စာတည်းမှူးချုပ်ထံ လိပ်မူ၍ အထက်ပါ လိပ်စာအတိုင်းမှာ မှာယူနိုင်သည်။ ဘာသာပြန်စာမူကို စာတည်းမှူးချုပ် စာပေဗိမာန်အဖွဲ့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ထံသို့ ၃၀-၉-၂၀၀၇ ရက် နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အီရတ်မှ တပ်ဖွဲ့များရုပ်သိမ်းရေး တိကျသည့် အချိန်ဇယားရေးဆွဲရန် ရုရှားတိုက်တွန်း

**နယူးယောက် ဇွန် ၁၆**

အီရတ်နိုင်ငံရှိ နိုင်ငံစုံတပ်ဖွဲ့ကို ပြန်လည်ရုပ်သိမ်းနိုင်ရန် တိကျသည့်အချိန်ဇယားသတ်မှတ်ချက် ထားရှိသင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားအထူးသံတမန်က ဇွန် ၁၅ရက်တွင် တိုက်တွန်းလိုက်သည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးထိန်းသိမ်းနိုင်ရန် နိုင်ငံစုံတပ်ဖွဲ့ကို ဖြန့်ကြက်ထားခဲ့သည်။

အီရတ်မှ နိုင်ငံစုံတပ်ဖွဲ့ရုပ်သိမ်းရေးအတွက် တိကျသောအချိန်ဇယားထားရှိသင့်ကြောင်း၊ သို့မှသာ ပြည်တွင်းစစ်ဖြစ်လုနီးပါးအခြေအနေရှိ အီရတ်နိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ပေါ်လာနိုင်ကြောင်း ရုရှားအထူးသံတမန် ဗိုက်တယ်လီချာခင်က လုံခြုံရေးကောင်စီအစည်းအဝေးတွင် ပြောကြားသည်။ ***အင်တာနက်။***

## ပေကျင်းအိုလံပစ် အားကစားပွဲတော် ရုပ်မြင်သံကြားမှ ကြည့်ရှုသူ သန်း ၄၀၀၀အထိ ရှိနိုင်

**ပေကျင်း ဇွန် ၁၆**

၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ်အားကစားပွဲတော်ကို ကမ္ဘာ့ပြည်သူ သန်း ၄၀၀၀ခန့်က ရုပ်မြင်သံကြားမှတစ်ဆင့် လေ့လာစောင့်ကြည့်မည်ဟု မျှော်လင့်ရကြောင်း အိုလံပစ်ပွဲတော် သတင်းပြန်ကြားရေးကုမ္ပဏီအကြီးအကဲက ဇွန် ၁၅ရက်တွင် ပြောကြားသည်။

ပေကျင်း အိုလံပစ်အားကစားပွဲတော်ကို ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုမည့်သူဦးရေမှာ ၂၀၀၄ခုနှစ်၌ ကျင်းပခဲ့သည့် အေသင်အိုလံပစ်အားကစားပွဲတော်ကို ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုသူဦးရေထက် သန်း ၁၀၀ ပိုမိုများပြားမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီအကြီးအကဲ မာကျိုလီက ပြောကြားသည်။

ပေကျင်းအိုလံပစ် အားကစားပွဲတော်ကျင်းပပုံကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်နိုင်ရန် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်မော်တော်ယာဉ် ၆၅စီးခန့်နှင့် ဗီဒီယိုကင်မရာ အလုံးပေါင်း ၁၀၀၀ကို အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အားကစားပွဲတော် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းအတွက် ရုပ်သံလွှင့်ဗဟိုဌာနတစ်ခုကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း မာကျိုလီက ပြောကြားသည်။

မာကျိုလီ၏ ကုမ္ပဏီသည် အိုလံပစ်အားကစားပွဲတော် ရိုက်ကူးထုတ်လွှင့်နိုင်ရန် ကမ္ဘာတစ်ဝန်းမှ ရုပ်မြင်သံကြား ထုတ်လုပ်ရေးမှူး ၄၅ဦးကို ငှားရမ်းခဲ့ပြီး ရုပ်မြင်သံကြား စက်ကိရိယာထောက်ပံ့ရေး ကုမ္ပဏီ ၅၀ကျော်နှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုထားသည်။ ယင်းကုမ္ပဏီသည် ယခုအခါ ဝန်ထမ်း ၁၈၀ရှိသည်။ ဖော်ပြပါဦးရေ၏သုံးပုံတစ်ပုံမှာ နိုင်ငံပေါင်း ၁၅နိုင်ငံမှ ငှားရမ်းထားခြင်းဖြစ်သည်။

ကုမ္ပဏီဝန်ထမ်းဦးရေကို ၂၀၀၈ခုနှစ်ထက်နောက်မကျဘဲ ၄၀၀၀အထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းမှ ရုပ်မြင်သံကြား ကျွမ်းကျင်သူများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***



**တရုတ်နိုင်ငံ ရှန်စီပြည်နယ် ကျင်ချန်းမြို့၌ တည်ဆောက်လျက်ရှိသည့် မီသိန်းဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇွန် ၁၆ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

## ကမ္ဘာစစ်ကာလရုရှားတပ်ဖွဲ့၏ မော်ကွန်းမှတ်တမ်းများ သုတေသီတို့ လေ့လာနိုင်ရန်လျှို့ဝှက်အဆင့်မှပယ်ဖျက်

**မော်စကို ဇွန် ၁၆**

ဒုတိယကမ္ဘာစစ်ကာလတွင် ရုရှားတပ်နီတော်နှင့် ရေတပ်တို့ မော်ကွန်းမှတ်တမ်းများကိုလျှို့ဝှက်စာလွှာစာတမ်းအဆင့်မှ ပယ်ဖျက်ပေးလိုက်ပြီဖြစ်ရာ သုတေသီတို့ လေ့လာရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း ဇွန်၁၅ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

၁၉၄၁ခုနှစ်မှ ၁၉၄၅ခုနှစ်အထိ ဖြစ်သော ကမ္ဘာစစ်ကာလအတွင်း ရုရှားတပ်နီတော်နှင့် ရေတပ်တို့၏ မော်ကွန်းမှတ်တမ်းများကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

မော်ကွန်းမှတ်တမ်းများကို အများပြည်သူတို့ လေ့လာဖတ်ရှုနိုင်ခြင်းဖြင့် သမိုင်းဆိုင်ရာ လေ့လာမှုများအတွက် အထောက်အကူရရှိမည်ဖြစ်သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အများပြည်သူတို့ လေ့လာနိုင်ရန် ခွင့်ပြုပေးသည့် မော်ကွန်းမှတ်တမ်းတစ်ရပ်အရ ဒုတိယကမ္ဘာ စစ်ကာလအတွင်း တပ်ဖွဲ့ဝင်နှင့် အရပ်သား ၂၆ ဒသမ ၆သန်း သေဆုံးခဲ့ရကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ် ကာလအတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူပေါင်း ၇၂ သန်းခန့် သေဆုံးခဲ့ရပြီး ၎င်းတို့အနက် ၄၇သန်းခန့်မှာ အရပ်သားများဖြစ်ကြသည်။ ***အင်တာနက်။***



## နိုင်ငံစုံတပ်ဖွဲ့ ဂါဇာတွင် ဖြန့်ကြက်သင့်

**နယူးယောက် ဇွန် ၁၆**

ပါလက်စတိုင်းပြိုင်ဘက်အုပ်စုများ၏ ပဋိပက္ခများ ကြီးထွားလာနေသည့် ဂါဇာတွင် နိုင်ငံစုံတပ်ဖွဲ့ ဖြန့်ကြက်သင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇွန် ၁၅ရက်တွင် ပြောကြားသည်။

ဂါဇာတွင် နိုင်ငံစုံတပ်ဖွဲ့ ဖြန့်ကြက်ထားရန် အယူအဆကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅နိုင်ငံမှ သံအမတ်ကြီးများက ဆွေးနွေးခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ဂါဇာတွင် နိုင်ငံစုံတပ်ဖွဲ့ချထားပေးရန် မိမိအား မေတ္တာရပ်ခံခဲ့ကြောင်း၊ အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုးလ်မတ်ကလည်း နိုင်ငံစုံတပ်ဖွဲ့ချထားရေး အယူအဆကို ထုတ်ဖော်ပြောဆိုလာကြောင်း ဘန်ကီမွန်းက ပြောကြားသည်။ ***အင်တာနက်။***

**တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းကြောင့် ဂါဇာမှထွက်ခွာလာခဲ့ကြသော ပါလက်စတိုင်း မိသားစုများအား နယ်စပ်ဂိတ်၌ ဇွန် ၁၆ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*




## ဖိလစ်ပိုင်တောင်ပိုင်းတွင် ဘတ်စ်ကားပေါ်၌ ဗုံးပေါက်ကွဲ၊ ၁၀ ဦးသေဆုံး

**မနီလာ ဇွန် ၁၆**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ခရီးသည် အပြည့်လိုက်ပါလာသည့် ဘတ်စ်ကားတစ်စီး သောကြာနေ့က ဗုံးဖောက်ခွဲခံရသဖြင့် ၁၀ ဦးထက်မနည်း သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း မင်ဒါနာအိုကျွန်းမှ ဘန်ဆာလန်မြို့ ရဲမှူးဖြစ်သူ ရှာဝင်ဘူတီက ပြောကြားသည်။

**– ပြောကြား –**

ယင်းဖောက်ခွဲမှုသည် စစ်သွေးကြွများ သို့မဟုတ် ရာဇဝတ်ဂိုဏ်းများ၏ လက်ချက်ဟုတ်၊မဟုတ် စုံစမ်းစစ်ဆေး လျက်ရှိနေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဗုံးကို ကျောပိုးအိတ်အတွင်းထည့်ပြီး မော်တော်ယာဉ်မောင်း၏ နောက်ပိုင်းရှိ ခုံတန်းအောက်တွင်ထားခဲ့ရာမှ ပေါက်ကွဲခြင်းဖြစ်သည်ဟု ဘူတီကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ၊ဆင်ဟွာ။***

## တောင်ကိုရီးယားခရီးသည်များကို ဗီယက်နမ်ဆွဲဆောင်

**ဒပ်ဘလင် ဇွန် ၁၆**

ဗီယက်နမ်နိုင်ငံသည် တောင်ကိုရီးယား ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ကြောင်း၊ ဗီယက်နမ်ခရီးသွားလုပ်ငန်း ဝင်ငွေတိုးတက်စေမှု၏ အရင်းအမြစ်တစ်ရပ်မှာ တောင်ကိုရီးယားကမ္ဘာလှည့်ခရီးသည်များ ဖြစ်လာကြောင်း ဇွန် ၁၅ရက်တွင် ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ဖော်ပြ**

ဗီယက်နမ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ပိုမိုတိုးတက်လာမည့် အခွင့်အလမ်းများရှိနေကြောင်း၊ တောင်ကိုရီးယား၊ တရုတ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုရောက်ရှိမည့် အလားအလာများ ရှိနေကြောင်း အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ အခြေစိုက် သုတေသနနှင့် ဈေးကွက်လေ့လာရေးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ဖော်ပြပါ နိုင်ငံလေးနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ ဗီယက်နမ်သို့ပိုမိုလာရောက်လျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံသည် လာမည့် ငါးနှစ်တာကာလအတွင်း ရုရှားခရီးသည်များလာရောက်စေရန် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်သင့်ကြောင်း၊ ဗီယက်နမ်နိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်တစ်ဦးလျှင် ပျမ်းမျှ ငွေကြေးသုံးစွဲမှုမှာ ၂၀၁၁ခုနှစ်ထက် နောက်မကျဘဲ တစ်ရက်လျှင် ၉၇၅ဒေါ်လာအထိ ရှိလာမည်ဖြစ်ကြောင်း လေ့လာချက်တွင်ဖော်ပြထားသည်။

***အင်တာနက်။***



**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အနီး ကျေးရွာတစ်ရွာ၌ တိရစ္ဆာန်ဆေးကု ဝန်ထမ်းများ ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို ဇွန် ၁၆ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

## အိန္ဒိယတွင်မိုးကြိုးပစ်၍ ၂၁ ဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၆**

အိန္ဒိယနိုင်ငံအလယ်ပိုင်း ဂျာခန်းဒေသတွင် ဇွန်၁၃ရက်က မုတ်သုံမိုးရွာသွန်းနေစဉ် မိုးကြိုးပစ်မှုကြောင့် လူ၂၁ဦးသေဆုံးကြောင်း၊ သေဆုံးသူခြောက်ဦးမှာ ကျောင်းသားများဖြစ်ကြောင်း အင်ဒို–အာရှသတင်းဌာနက ဇွန် ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။ ဂျာခန်းဒေသတွင် ဇွန်၁၃ရက်က ပထမဆုံးမုတ်သုံမိုး ရွာသွန်းခဲ့သည်။ ရမ်ပူရာကျေးရွာကျောင်း မိုးကြိုးထိမှန်ခဲ့ပြီး ဒဏ်ရာရရှိသူ ၁၂ဦးရှိသည်ဟု သတင်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အာကာသသိပ္ပံကော်ပိုရေးရှင်းတွင် DART အာကာသယာဉ် တည်ဆောက်နေသည်ကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ပါရီကုန်သည်ကြီးများအဖွဲ့ချုပ် မွမ်ဘိုင်းတွင် ရုံးခွဲဖွင့်လှစ်

**မွမ်ဘိုင်း ဇွန် ၁၆**

ပြင်သစ်နိုင်ငံ ပါရီမြို့အခြေစိုက် ကုန်သည်ကြီးများအဖွဲ့ချုပ်သည် အိန္ဒိယနိုင်ငံ၏ စီးပွားရေး အချက်အချာမြို့ကြီးဖြစ်သော မွမ်ဘိုင်းမြို့တွင် ရုံးခွဲဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဇွန် ၁၅ ရက် အင်တာနက် သတင်းတွင် ဖော်ပြသည်။

မွမ်ဘိုင်းမြို့အခြေစိုက် မိမိတို့၏ရုံးခွဲသည် သတင်းအချက်အလက်နည်းပညာ၊ ဇီဝနည်းပညာ၊ ဆေးဝါးထုတ်လုပ်မှုနှင့် လေကြောင်းအာကာသ စက်မှုလုပ်ငန်းတို့ကို အာရုံစိုက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပါရီကုန်သည်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ပလဲဆိုင်မွန်က ပြောကြားသည်။

မိမိတို့၏ အဖွဲ့အစည်းသည် နှစ်နိုင်ငံပညာရေးကဏ္ဍမြှင့်တင်ရန်လည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ပါရီနှင့် မွမ်ဘိုင်းမြို့တို့ရှိ တက္ကသိုလ်များ ဆက်ဆံရေး မြှင့်တင်နိုင်စေရန် ရည်မှန်းထားကြောင်း၊ ဒီပလိုမာလက်မှတ်များကို အပြန်အလှန်အပ်နှင်းနိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲရေးသင်တန်းများအတွက် ပညာတော်သင်များကို ရွေးချယ်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မွမ်ဘိုင်းမြို့တွင် ကုန်သည်ကြီးများအဖွဲ့ချုပ် ရုံးခွဲဖွင့်လှစ်ရခြင်းမှာ အိန္ဒိယနိုင်ငံရှိ ပြင်သစ်ကုမ္ပဏီများကို အကူအညီပေးရန်မျှသာ မဟုတ်ကြောင်း၊ အိန္ဒိယကုမ္ပဏီများ ပြင်သစ်နိုင်ငံသို့သွားရောက်၍ လုပ်ငန်းလုပ်ကိုင်နိုင်ရန်လည်း ကူညီသွားမည်ဖြစ်ကြောင်း ဆိုင်မွန်က ပြောကြားသည်။

ပါရီကုန်သည်ကြီးများအဖွဲ့ချုပ်သည် ပြင်သစ်နိုင်ငံရှိ ကုမ္ပဏီ ၃၀၀၀၀၀ ကျော်အတွက် အကူအညီများပေးလျက်ရှိကြောင်း၊ ယင်းကုမ္ပဏီများသည် ပြင်သစ်စီးပွားရေး၏ ခြောက်ပုံတစ်ပုံကို ကိုယ်စားပြုကြောင်း၊ အမျိုးသားထုတ်ကုန်တန်ဖိုး၏ ၂၁ ရာခိုင်နှုန်းကို ပြင်သစ်ကုမ္ပဏီများက ထုတ်လုပ်ပေးနေကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်။***

# ဇီဝလောင်စာဖြင့် ခုတ်မောင်းသည့် ရထားခရီးစဉ် ဗြိတိန်တွင် စတင်

**လန်ဒန် ဇွန် ၁၆**

ဗြိတိန်နိုင်ငံတွင် ယခုလမှစ၍ ဇီဝလောင်စာဖြင့် ခုတ်မောင်းသည့် ရထားခရီးစဉ်ကို စတင်ပြီဖြစ်ကြောင်း၊ ကမ္ဘာကြီးပူနွေးမှု ပြဿနာကိုဖြေရှင်းရာတွင် အထောက်အကူပေးမှုတစ်ရပ်အရ အများပြည်သူသုံး ယာဉ်ရထားများကို ဇီဝလောင်စာဖြင့် ခုတ်မောင်းနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးတာဝန်ရှိသူ တစ်ဦးက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် ဇီဝလောင်စာဖြင့် ခုတ်မောင်းသော ရထားခရီးစဉ်ကို လန်ဒန်မှ ဝေလပြည်နယ်မြောက်ပိုင်းသို့ ပြေးဆွဲသော ခရီးစဉ် စတင်ပြီဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဥရောပတွင် ဇီဝလောင်စာဖြင့် ရထား ခုတ်မောင်းခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ရထားခရီးစဉ် အောင်မြင်မှု ရှိ၊ မရှိ ရထားလုပ်ငန်း တာဝန်ရှိသူများက လေ့လာသုံးသပ်သွားမည်ဖြစ်သည်။ ဇီဝလောင်စာသုံးဖြစ်သည့် ရထားခရီးစဉ်ကို ဗာဂျင်အုပ်စုက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ ဗာဂျင်အုပ်စုသည် ရထားလုပ်ငန်း၊ တေးဂီတလုပ်ငန်း၊ လေကြောင်းဌာနလုပ်ငန်း၊ အဖျော်ယမကာလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ အပန်းဖြေလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်း အမျိုးမျိုးကို လုပ်ဆောင်နေသည့် စီးပွားရေးအုပ်စုဖြစ်သည်။ လေကြောင်းလုပ်ငန်းနှင့် ရထားလုပ်ငန်းတို့မှ ရရှိသော ဝင်ငွေအားလုံးကို ကမ္ဘာကြီးပူနွေးလာမှု တိုက်ဖျက်ရေးလုပ်ငန်းများ၌ အသုံးပြုရန် ယင်း အုပ်စုပိုင်ရှင် ရစ်ချက်ဘရန်ဆန်က ဆုံးဖြတ်သည်။

***အင်တာနက်။***

# နိုင်ငံတကာ ငွေပေးငွေယူစနစ်၌ ရူဘယ်လ်ငွေကြေးသုံးသင့်

**စိန့်ပီတာစဘတ်ဂ် ဇွန် ၁၆**

နိုင်ငံတကာက ငွေပေးငွေယူစနစ်တွင် ရူဘယ်လ်ငွေကြေးကို အသုံးပြုသင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က စိန့်ပီတာစဘတ်ဂ်မြို့တွင် ပြုလုပ်သည့် စီးပွားရေးဖိုရမ် ဆွေးနွေးပွဲ၌ အဆိုပြုလိုက်ကြောင်း ဇွန် ၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

**ဆိုးကျိုးသက်ရောက်**

မျက်မှောက်ကာလတွင် နိုင်ငံတကာ ငွေပေးငွေယူစနစ်အတွက် ငွေကြေးတစ်မျိုး သို့မဟုတ် နှစ်မျိုးပေါ်၌ အခြေပြုလုပ်ဆောင်နေခြင်းမှာ ကမ္ဘာ့စီးပွားရေး မဟာဗျူဟာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြောင်း၊ ငွေတန်ဖိုးအတက်အကျ ဖြစ်ခြင်းများသည် စီးပွားရေးလုပ်ငန်းများပေါ်တွင် ဆိုးကျိုးသက်ရောက်မှု ဖြစ်စေကြောင်း ပူတင်ကပြောကြားသည်။

***အင်တာနက်။***



ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ လီမန်ကန်တော်ကြီး၌ ရွက်လှေပြိုင်ပွဲ ကျင်းပနေသည်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ဥရောပနှင့်မြောက်အမေရိကတိုက် အမျိုးသမီးများထက် အာရှအမျိုးသမီးများ ပိုမိုကြွယ်ဝ

**စင်ကာပူ ဇွန် ၁၆**

အာရှတိုက်သူများသည် ဥရောပနှင့် မြောက်အမေရိကတိုက်တို့ရှိ အမျိုးသမီးများထက် ပိုမိုချမ်းသာကြွယ်ဝလာကြကြောင်း၊ ယင်းမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ပြုလုပ်လာခြင်းကြောင့်ဖြစ်ကြောင်း စင်ကာပူစထရိတ်တိုင်းမ်စ် သတင်းစာက ဇွန် ၁၅ ရက်တွင် ရေးသားဖော်ပြသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်တွင် ကုမ္ပဏီများနှင့် အစိုးရအဖွဲ့အစည်းများ၌ အထက်တန်းရာထူးတာဝန်များကို အာရှအမျိုးသမီးများ ပိုမိုရယူလာနိုင်ကြောင်း ဘာကလေ ဥစ္စာဓနနှင့် စီးပွားရေး လေ့လာမှုဌာန၏ လေ့လာချက်တစ်ရပ်ကို ကိုးကား၍ သတင်းစာတွင် ရေးသားဖော်ပြသည်။

အာရှတိုက်တွင် ဒေါ်လာ ၂၀၀၀၀၀အထက် ရင်းနှီးမြှုပ်နှံနိုင်သည့် အမျိုးသမီး ၆၀၀ ကို သုတေသနပြုလေ့လာခဲ့သည်။ ယင်းအရေအတွက်အနက် ၈၀ ဒသမ ၅ ရာခိုင်နှုန်းမှာ ကုမ္ပဏီလုပ်ငန်းများမှ ဝင်ငွေရရှိခြင်းဖြစ်ကြောင်း၊ ကြွယ်ဝချမ်းသာသူ အမျိုးသမီးအချို့မှာမူ အမွေရရှိခြင်းနှင့် ထိမ်းမြားလက်ထပ်ခြင်းတို့မှတစ်ဆင့် ဓနဥစ္စာများကို ပိုင်ဆိုင်လာခြင်းဖြစ်ကြောင်း ယင်းလေ့လာချက်၌ ဖော်ပြခြင်းဖြစ်သည်။

***အင်တာနက်။***



ဆူဒန်နိုင်ငံတောင်ပိုင်း၌ စားကျက်ပြောင်းရွှေ့နေသည့် ဆင်အုပ်တစ်အုပ်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# စစ်ဘက်သုံး လေဆာရောင်ခြည် ကိရိယာ ရောင်းချရန်ကြံစည်မှု အမေရိကန်ရေတပ် ဗိုလ်ကြီးဟောင်းကို စွဲချက်တင်

**နယူးယောက် ဇွန် ၁၆**

အမေရိကန်ရေတပ်မှ ဗိုလ်ကြီးဟောင်းတစ်ဦးသည် စစ်ဘက်သုံး လေဆာရောင်ခြည် ကိရိယာများကို ရောင်းချရန် ကြံစည်မှုဖြင့် စွဲချက်တင်ခံရကြောင်း နယူးယောက် အစိုးရရှေ့နေများက ကြာသပတေးနေ့တွင် ပြောကြားသည်။

**ဝယ်ယူ**

၎င်းသည် မိုင်းရှင်းသင်္ဘောမှ ထောက်ပံ့ရေး အရာရှိ ဒေးဗစ်ကာမယ်ဖြစ်သည်။ ပီအီးကြူဟု လူသိများသည့် လေဆာရောင်ခြည်သုံး ပစ်မှတ်ရှာ ကိရိယာများ၊ ညကြည့် မျက်မှန်များနှင့် အခြားပစ္စည်းများကို ၎င်း၏စစ်သင်္ဘောအတွက်မလိုအပ်ဘဲအခြားတွင်ရောင်းချရန် ဝယ်ယူခဲ့သည်ဟု အဆိုပါ အစိုးရရှေ့နေများက ပြောကြားသည်။

**စုံစမ်း**

ကာမယ်သည် အင်တာနက်ရှိ အီးဘေးလေလံကုမ္ပဏီ၏ဝက်ဆိုက်ဘ်မှတစ်ဆင့် ပီအီးကြူလေဆာ ရောင်ခြည်သုံး ပစ်မှတ်ရှာ ကိရိယာ ရောင်းချလိုကြောင်း ကြော်ငြာထည့်သွင်းခဲ့ရာမှ နယူးယောက်ရှိ စုံထောက်တစ်ဦးက စုံစမ်းမေးမြန်းခဲ့သည်။စစ်ဘက်သုံး ကိရိယာများရောင်းချပေးနိုင်ကြောင်းကာမယ်က အဆိုပါစုံထောက်အား တယ်လီဖုန်းဖြင့် ပြောကြားခဲ့ရာမှ ၎င်းအား ဖမ်းဆီးနိုင်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***




# တူရကီအရှေ့တောင်ပိုင်း ဘတ်စ်ကားမှတ်တိုင်၌ ဗုံးကွဲ

**အန်ကာရာ ဇွန် ၁၆**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း ဒီယာဘာကီမြို့တွင် ဇွန် ၁၅ ရက်က ဘတ်စ်ကားမှတ်တိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးဒဏ်ရာရရှိကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။ ဒေသစံတော်ချိန် နံနက် ၈ နာရီက ဗုံးပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာနေရာတွင် စစ်ဆေးနိုင်ရန် ဒီယာဘာကီ ရဲတပ်ဖွဲ့ အကြီးအကဲ ဇီကီကာတော်ယာနှင့် တာဝန်ရှိသူများ ရောက်ရှိလာကြောင်း သတင်းတွင် ဖော်ပြသည်။ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်က ဗုံးပေါက်ကွဲခဲ့ကြောင်း၊ ၁၄ ဦးထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိကြောင်း သိရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား တတိယအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၇

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအလက်ဇန္ဒား၊ ပီ၊လော့(စ်)ယူကော့(ဗ်)သည် မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ကျင်းပသည့် တတိယအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ဇွန် ၁၅ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။**

မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား တတိယအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ခေါင်းဆောင်ပြီး ရုရှားကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အလက်ဇန္ဒား၊ပီ၊လော့(စ်)ယူကော့(ဗ်)က ဦးဆောင်သည်။

အဆိုပါ အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံချစ်ကြည်မှု၊ ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ နိုင်ငံတကာ အရေးကိစ္စများအပေါ်တွင် လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကာ သဘောထားအမြင်ချင်း ဖလှယ်ကြသည်။

ညပိုင်းတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ညစာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)



## ဆွေးနွေး

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအလက်ဇန္ဒား၊ပီ၊ လော့(စ်)ယူကော့(ဗ်)တို့ မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား တတိယအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# ACCA သင်ရိုးညွှန်းတမ်း အသစ်နှင့် ပတ်သက်၍ ပညာပေး ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၇**

ဗြိတိန်နိုင်ငံ အခြေစိုက် The Association of Chartered Certified Accountants (ACCA) အဖွဲ့အစည်းက မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၀ကျော်၌ ကျင်းပပေးလျက်ရှိသည့် ACCA စာမေးပွဲများတွင် ဖြေဆိုရမည့် သင်ရိုးညွှန်းတမ်းအသစ်နှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Parkroyal Hotel၌ ကျင်းပသည်။

အခမ်းအနားတွင် Management & Accountancy Training Ltd. (MAT) မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ တင်လတ်က ACCA သင်ရိုးညွှန်းတမ်းအသစ် (ACCA New Syllabus)နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာမော်သန်းက ACCA အောင်မြင်ပြီးသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာတင်လတ်က MAT သင်တန်းကျောင်းမှ သင်တန်းနည်းပြဆရာများနှင့် ရုံးဝန်ထမ်းများအား အမှတ်တရ လက်ဆောင်များချီးမြှင့်ပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Fellow (Senior) Member of ACCA (UK) ဖြစ်သူ ဒေါက်တာတင်လတ်ဦးစီးသော Management & Accountancy Training Ltd. က MAT သင်တန်းကျောင်းကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း၌ ဖွင့်လှစ်ထားရှိပြီး အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု စာရင်းပညာနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားပို့ချလျက်ရှိသည်။ (သတင်းစဉ်)

**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ မြောင်းကူးတံတားများ တည်ဆောက်ခြင်း၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောင်မင်္ဂလာရပ်ကွက် အောင်သီရိလမ်း မြောင်းကူးတံတားဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ဇွန် ၁၄ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)





**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒဂုံမြို့သစ် မြို့နယ်များသို့ ငမိုးရိပ်ရေပေးဝေရေးစခန်းမှ သောက်သုံးရေများ ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးဘေးတွင် ၂၄ လက်မ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်နှင့် ၂၄ လက်မ သံမဏိအထူးပိုက်ဆက်သွယ်မှုကို တာဝန်ခံအင်ဂျင်နီယာ ဦးတင့်ဇော် ကြီးကြပ်ဆောင်ရွက်စဉ်။**

(ကြေးမုံ)





**Management & Accountancy Training Ltd. (MAT) မန်နေဂျင်းဒါရိုက်တာ ဒေါက်တာတင်လတ် ACCA သင်ရိုးညွှန်းတမ်းအသစ်နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)

# ပြည်ပသာသနာပြုခရီးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၀၇ ရပ်ကွက်ရှိ ဒဂုံသီရိနှင့် ရတနာသီရိ ပရိယတ္တိဓမ္မရိပ်သာ ကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက ဆရာတော် ဓမ္မကထိက ဘဒ္ဒန္တ အာဒိစ္စရံသီ အရှင်သူမြတ်သည် စင်ကာပူ၊ မလေးရှား၊ သီရိလင်္ကာနိုင်ငံများမှ ပင့်လျှောက်ချက်အရ ကြွရောက်တော်မူ၍ တရားဓမ္မများ လှည့်လည်ဟောကြားတော်မူပြီး ဇွန် ၁၂ ရက်က ပြန်လည်ကြွရောက် လာကြောင်းနှင့် ဆောက်လုပ်လျက်ရှိသော ယောဂီသုံးထပ်ကျောင်းဆောင် ပြီးစီးနိုင်ရေးအတွက် အလှူရှင်များ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၁၈-၆-၂၀၀၇ (တနင်္လာနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၂၅ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၃၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆:၃၅ | ၁၁။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း-၁၂)** |
| ၈:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | မိုးလေဝသသတင်း |
| | ၁၅။ | အမျိုးသားရေးတေးကဗျာ |
| | ၁၆။ | မေးမြန်းစုံစမ်း |
| | ၁၇။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း" ဒုတိယတွဲ (အပိုင်း-၅)** |
| | ၁၉။ | သင့်အတွက်မနက်ဖြန် |
| | ၂၀။ | အပိတ်နှုတ်ဆက်စကား |
| | ၂၁။ | ပြီးပါပြီ။ |


၂၀၀၇ခုနှစ် ဇူလိုင်လ ၁၅ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

### ➪ ဓာတ်အားလိုင်းများအတွက်မှ

ဦးထင်လင်းအောင်က ရဲရွာရေအား လျှပ်စစ်စီမံကိန်း Line and Sub Station လုပ်ငန်းအတွက်လိုအပ်သော Tools and Erection Equipmentများ တရုတ်နိုင်ငံ (CHMC)ကုမ္ပဏီမှ ပေးပို့တင်သွင်းလာသည့် အခြေအနေများ၊ ကန်ထရိုက်စာချုပ်အရ ဖော်ပြထားမှုနှင့် လက်ရှိတင်သွင်းလာသော ယာဉ်နှင့် စက်ပစ္စည်းများအခြေအနေ၊ ရန်ကုန် သီလဝါဆိပ်ကမ်းမှ စနစ်တကျ ရွှေ့ယူလွှဲပြောင်းပေးခဲ့မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရဲရွာရေအား လျှပ်စစ်စီမံကိန်းမှ ဘဲလင်းနှင့်ရွှေစာရံ ဓာတ်အားခွဲရုံလိုင်း၊ ရဲရွာမှမိတ္ထီလာလိုင်း၊ ဘဲလင်း–မိတ္ထီလာ ဓာတ်အားလိုင်းများအတွက် မှာယူထားသောပစ္စည်းများ အချိန်မီပေးပို့ဆောင်ရွက်သွားကြရန်နှင့် စာချုပ်ပါအတိုင်း ပစ္စည်းများမှန်ကန်စေရေး အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ပေးပို့လာသောယာဉ်ယန္တရားများကို စတင်ရောက်ရှိ၊ သုံးစွဲရက်စွဲ၊ ယာဉ်တန်ဖိုးများရေးသား၍ ယာဉ်ရာဇဝင်မှတ်တမ်းများ စနစ်တကျရေးသားထားရှိရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတိုင်းကလည်း ရွက်ကုန်လွှင့်တက်စုံဖွင့်သကဲ့သို့ စွမ်းအားမြှင့်တင်ပြီး လုပ်ငန်းတိုင်း တိုးတက်အောင်မြင်အောင် ပူးပေါင်းစွမ်းဆောင်သွားကြရန် လိုအပ်ကြောင်းမှာကြားပြီး ရောက်ရှိလာသောယာဉ်ယန္တရားများနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ကျွမ်းကျင်သည့်ယာဉ်မောင်းများဖြင့် ယာဉ်မောင်းနှင်ပြသမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှတည်ဆောက်လျက်ရှိသည့် ဓာတ်အားခွဲရုံများတွင် အသုံးပြုမည့် Circuit Breaker/Switchgerများ ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိလာရာ Gunkul Eng'g Supply Co.,Ltd. မန်နေးဂျင်းဒါရိုက်တာ ဦးဇေယျာသူရမွန်က စက်ရုံအဆောက်အအုံ တည်ဆောက်မှုပုံစံနှင့် တည်ဆောက်မှုအဆင့်ဆင့်တို့ကိုလည်းကောင်း၊ အလင်းရောင်နှင့် လေကောင်းလေသန့်အတွက် Air Conditionersများ တပ်ဆင်အသုံးပြုမှု အခြေအနေတို့ကို လည်းကောင်း လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စက်ရုံတည်ဆောက်နေမှုနှင့် အခန်းဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ❍ ဝန်ကြီးဒေါက်တာကျော်မြင့်မှ

တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ နေပြည်တော် မြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ နေပြည်တော်အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းရင်းဆေးပညာဦးစီးဌာန ပရဆေး ဥယျာဉ်သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွှန့်က လုပ်ငန်းဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြပြီးဝန်ကြီးကလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် နေပြည်တော် ခုတင်(၃၀၀) ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက ရောဂါရှာဖွေရေးစက်ကြီးများအသုံးပြုမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

### ❍ NLD မှ

ဒေါ်အုန်းကြင်တို့သည် ဇွန် ၃ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များနှင့် အနောက်နိုင်ငံကြီးအချို့အပေါ်မှီခိုအားထားမှုလွန်ကဲပြီး သံရုံးများမှတစ်ဆင့် ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ကာ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေမှုများကြောင့် NLDပါတီတွင်ဆက်လက်ပါဝင်လိုခြင်းမရှိပါသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ဦးတင်စိန်၏ (၈၃)နှစ်ပြည့် မွေးနေ့မင်္ဂလာအတွက် အလှူငွေကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ရန်ကုန်မြို့ လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်စီကုန်းလမ်းနေ ဦးအုန်းကြွယ် မိသားစုက ကွယ်လွန်သူ မိနှစ်ပါးနှင့် ဇနီး ဒေါ်ခင်သိန်းဝင်းအား ရည်စူး၍ အဘိဓမ္မာပိဋကဝင် ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြားခြောက်ချပ်၊ တန်ဖိုးငွေကျပ် ၁၅၀၀၀၀ကို ကြေးပဋိကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ) ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် အစည်းအဝေးတက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ်လုပ်ငန်း အဖွဲ့ (e-National Task Force) ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်ဦးအောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန် ၁၈ ရက်မှ ၁၉ ရက်အထိကျင်းပမည့်ဝန်ကြီးအဆင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ ညှိနှိုင်းရေးအစည်းအဝေး(3rd Infocomm Media Business Exchange Ministerial Forum )သို့ တက်ရောက်ရန် ဇွန် ၁၅ ရက်တွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးတင့်လွင်လည်းလိုက်ပါသွားသည်။ (သတင်းစဉ်)



ရန်ကင်းမြို့နယ် ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် သာကေတ ထူပါရုံ(၂)လမ်းနေ မမြင့်မြင့်အေး–မဖြူဖြူရှိန် ညီအစ်မတို့က မိဘနှစ်ပါးဦးထိပ်ထားပြီး အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

**မွန်ပြည်နယ် ရေးမြို့နယ် အောင်မေတ္တာရပ်ကွက် အမက (၃)မူလတန်းလွန်ကျောင်းတွင် မေ ၂၅ ရက်က မြန်မာနိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ဦးချင်းပေးအပ်ရာ ရေးမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှူး လူဝင်မှုကြီးကြပ်ရေးမှူး ဦးစိုးနိုင်က နိုင်ငံသားအရည်အချင်းပြည့်မီသူ ၃၅၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းထုတ်ပေးစဉ်။**

(မြို့နယ်/လူဝင်မှုကြီးကြပ်ရေး)



## အာဆီယံ လူငယ် ဓာတ်ပုံဆရာများဆု
## ASEAN YOUNG PHOTOGRAPHER'S AWARD အတွက် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဇွန် ၁၇**

အာဆီယံ အနှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် စင်ကာပူ အမျိုးသားလူငယ် အောင်မြင်မှုကောင်စီ National Youth Achievement Award (NYAA) Council မှ ကြီးမှူးကျင်းပမည့် အာဆီယံ လူငယ်ဓာတ်ပုံဆရာများဆုနှင့် ဓာတ်ပုံပြပွဲအား ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပပါမည်။အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှ သွားရောက်ပြသနိုင်ရန်အတွက် အာဆီယံလူငယ်ဓာတ်ပုံဆရာများဆု (ASEAN YOUNG PHOTOGRAPHER’S AWARD) ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပါသည်။ အဆိုပါ ပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ **“အာဆီယံရုပ်သွင် လူငယ်အမြင်”**(The Spirit of ASEAN-Through the Eyes of the Young) ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများသည် အာဆီယံနိုင်ငံများအချင်းချင်း ရင်းနှီးဆက်သွယ်မှုများ၊ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ဖလှယ်မှုများ၊မိမိတို့၏တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံထိန်းသိမ်းထားရှိမှုများ၊ အတတ်ပညာဆိုင်ရာ ဖလှယ်မှုများ၊ ကဏ္ဍမျိုးစုံပူးပေါင်းဆောင်ရွက်မှုများအား ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ပြိုင်ပွဲသို့အသက် ၁၅နှစ်မှ ၃၀နှစ်အတွင်းရှိသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(၂) မည်သည့်ကင်မရာအမျိုးအစားမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဒစ်ဂျစ်တယ် နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုရ။

(၃) မိမိရိုက်ကူးထားသော ဓာတ်ပုံများနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းပြောဆိုနိုင်ရမည်။

(၄) ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၂လက်မ x ၁၈လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် ခြောက်ပုံ ပါဝင်ယှဉ်ပြိုင်ရမည်။

(၅) ဒစ်ဂျစ်တယ်ကင်မရာနှင့် ရိုက်ကူးပါက 6 mega pixel Resolution အနိမ့်ဆုံးရှိသော ကင်မရာဖြင့် ရိုက်ကူးရမည်။

(၆) အဆိုပါဓာတ်ပုံများသည် ရွေးချယ်ခံရပါက ၁၆လက်မx၂၀လက်မ အရွယ်ကူးယူနိုင်သည်အထိ အရည်အသွေး ကောင်းမွန်ရမည်။

(၇) ပြိုင်ပွဲဝင်ဓာတ်ပုံများအား မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်အမှတ်၊နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာများအား ပူးတွဲတင်ပြရပါမည်။

ရွေးချယ်ခံရသူအား စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အဆိုပါဓာတ်ပုံပြပွဲသို့ စေလွှတ်ပါမည်။ ခရီးစဉ်အတွက် လိုအပ်သော ခရီးစရိတ်၊ တည်းခိုနေထိုင်စားသောက်စရိတ်များအား သက်ဆိုင်ရာအဖွဲ့အစည်းက ကျခံပေးမည် ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် မိမိ၏ဓာတ်ပုံများအား အဆိုပါဓာတ်ပုံပြိုင်ပွဲ၌ ပြသနိုင်ရန်အတွက် ၁၆လက်မx၂၀လက်မအရွယ် ဓာတ်ပုံများ ကူးယူ၍ လည်းကောင်း၊ Original Image Fileအား CDဖြင့် ကူးယူ၍လည်းကောင်း ပေးပို့ရမည်။ ထို့ပြင် မိမိတို့ပြိုင်ပွဲဝင်ခဲ့သော ဓာတ်ပုံအကြောင်းအရာနှင့် ပတ်သက်၍လည်းကောင်း၊ ဓာတ်ပုံပညာ အတွေ့အကြုံများနှင့် ပတ်သက်၍ လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတင်ပြနိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများအား ၁၅–၈–၂၀၀၇ရက်နေ့ ညနေ ၄နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် ၂၂–၂၄၊ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရပါမည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၆–၂၀၀၇ (တနင်္လာနေ့ )**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၁၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၈။ မံဆောင်းတံတား
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Granmar Made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၁၅ ၆။ အကပဒေသာ
- ၅း၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅း၅၀ ၁၀။ **“ဒီအိုတီအက်(စ်) (ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း) (ဒါရိုက်တာ–သိန်းဟန်)**
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇း၀၀ ၁၄။ **“အချိန်မီပါသေးတယ်” (အပိုင်း–၂)**
- ၇း၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သန်းတစ်ရာရွှေအိပ်မက်” (အပိုင်း–၈)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ဒုတိယ ချစ်ပုံပြင်” (အပိုင်း–၁၉)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# ...တော့လား

**ငါးမင်းဆွေ**

လာလို့ အမေ့ကို ရွှေတိဂုံတို့၊ ကျိုက်ထီးရိုးဘုရားတို့ ပို့ပေးခဲ့တယ်။ အမေသေပျော်ပါပြီ သားရယ်လို့ ကျွန်တော့်ကို ဝမ်းသာမျက်ရည်ဝဲပြီး ရွှေဘိုနယ်က အမေအိုက ပြောပြခဲ့ပါတယ် မစု။

**မစုရေ....တရားစီရင်ရေးနယ်ပယ်မှာ စကားပြောသော သက်သေနှင့် စကားမပြောသော သက်သေဆိုပြီး သက်သေနှစ်မျိုးရှိပါတယ်။ စကားပြောသော သက်သေ(လူ)တွေဟာ တရားရုံးမှာ ကျမ်းကျိန်ပြီး ထွက်ဆိုချက်ပေးကြတဲ့အခါမှာပင် လိမ်လည်ထွက်ဆိုတတ်ကြပါတယ်။ ဒါကြောင့် တရားစီရင်တဲ့ တရားသူကြီးတွေဟာ စကားပြောတဲ့ သက်သေထက် စကားမပြောသော သက်သေကို ပိုမိုအလေးထားပြီး ဆုံးဖြတ်တတ်ကြပါတယ်။ ကျွန်တော်ရောက်ခဲ့တဲ့ သဖန်းဆိပ်ဆည်ကြီးဟာ စကားမပြောသော သက်သေကြီးတစ်ခုပါ မစု။ တပ်မတော်အစိုးရဟာ မစုကို VIP တစ်ယောက်လို သဘောထားပြီး တပ်မတော်အစိုးရရဲ့ တည်ဆောက်ရေး လုပ်ငန်းတွေကို လှည့်လည်ပြသခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာပြည်သူလူထု တစ်ရပ်လုံးက တပ်မတော်အစိုးရနဲ့**

မစုရေ....ရွှေဘိုနယ်ဆိုတာ တတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့တဲ့ ဦးအောင်ဇေယျရဲ့ ဇာတိနယ်ပါ။ ရွှေဘိုသားတွေ ဆိုတာ ဦးအောင်ဇေယျအမျိုးတွေပါ။ နောက်ပြီး ရွှေဘိုနယ်ထဲက ဒီပဲယင်းဆိုတာ စစ်သူကြီးမဟာဗန္ဓုလရဲ့ ဇာတိပါ။ ဒါကြောင့် **ရွှေဘိုနယ်သားတွေဟာ မျိုးနဲ့ရိုးနဲ့ ဇာတိသွေး ဇာတိမာန် တက်ကြွတဲ့ သူတွေပါ။ ဒီနေ့အထိ ရွှေဘိုနယ်သားတွေဟာ လမ်းသွား လမ်းလာ ထွက်ရင် ငှက်ကြီးတောင် ဓားရှည်တွေ ကိုင်နေကြတုန်းပါပဲ။ ဒီလို ဇာတိသွေးဇာတိမာန်တက်ကြွတဲ့ ရွှေဘိုနယ်သား တော်တော်များများဟာ မစုကို မလိုလားကြပါဘူး။ မစုကို အမျိုးဖျက်တဲ့သူ၊ တိုင်းပြည်ဖျက်တဲ့သူလို့ မြင်နေကြတယ်။ ဒီလို နယ်မြေကို မစုလာပြီး ရုတ်ရုတ်ရက်ရက်လုပ်မယ်ဆိုရင် မစုအတွက် အန္တရာယ်များတယ်ဆိုတာ ကျွန်တော် တွက်ဆမိခဲ့ပါတယ်။ NLD ထိပ်ပိုင်း ခေါင်းဆောင်တွေနဲ့ ရွှေဘိုနယ်က NLD ပါတီဝင်တွေဟာ ဒီအခြေအနေတွေကို ကြိုတင်တွက်ဆမိပြီး ရွှေဘိုနယ်ကို မစု မလာဖို့ တားဆီးသင့်ပါတယ်။ ဒါပေမယ့် ဒါတွေက လွန်ခဲ့ပါပြီ။**

> **ကျွန်တော်ဟာ သဖန်းဆိပ်ဆည်နံဘေးမှာ ရွှေ့ပြောင်း နေထိုင်ရင်းနဲ့ ဒေသခံ ရွှေဘိုနယ်သားတွေနဲ့ ရင်းနှီးခဲ့ပါတယ်။ ရွှေဘိုနယ်သား တော်တော်များများဟာ မစုကို အမြင်မကြည်ကြဘူးဆိုတာ ကျွန်တော် တွေ့ခဲ့ရပါတယ်။ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောရပါလျှင် မစုဟာ အမျိုးဖျက်သူ၊ တိုင်းပြည်ကို ဒုက္ခပေးတဲ့သူ ဖြစ်တယ်လို့ ရွှေဘိုနယ်သားတွေက ပြောဆိုကြပါတယ်။**

**မစုလက်တွဲကြမယ်ထင်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြရပါတယ်။ ဒါပေမယ့် မစုဟာ စကားမပြောတဲ့သက်သေတွေကို အလေးမထားဘဲ ပယ်ချခဲ့တယ်နော်။**

**မစုရေ....ကျွန်တော်ဟာ မိုင်(၃၀)ရှည်လျားတဲ့ သဖန်းဆိပ်ဆည်ကြီးနံဘေးမှာ တစ်နေရာမှ တစ်နေရာသို့ ရွှက်ဖျင်တဲလေးနဲ့ ရွှေ့ပြောင်းရင်း သဖန်းဆိပ်ဆည်ရဲ့ ငါးအရင်းအမြစ်ကြွယ်ဝမှုကို လေ့လာခဲ့ပါတယ်။ သဖန်းဆိပ်ဆည်နံဘေးမှာ ရွှေ့ပြောင်း နေထိုင်ရင်းနဲ့ ဒေသခံ ရွှေဘိုနယ်သားတွေနဲ့ ရင်းနှီးခဲ့ပါတယ်။ ရွှေဘိုနယ်သား တော်တော်များများဟာ မစုကို အမြင်မကြည်ကြဘူး ဆိုတာ ကျွန်တော် တွေ့ခဲ့ရပါတယ်။ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောရပါလျှင် မစုဟာ အမျိုးဖျက်သူ၊ တိုင်းပြည်ကို ဒုက္ခပေးတဲ့သူဖြစ်တယ်လို့ ရွှေဘိုနယ်သားတွေက ပြောဆိုကြပါတယ် မစု။**

မစုရေ....ဒီပဲယင်း အချင်းကိစ္စဖြစ်ပြီး တစ်လလောက်အကြာမှာ ကျွန်တော်ဟာ သဖန်းဆိပ်ဆည်ကနေ မုံရွာကို ရောက်သွားပါတယ်။ မုံရွာမှာ ကျွန်တော်နဲ့ စိန်ဂျွန်းကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ သူငယ်ချင်းဆိုသော်လည်း ကျွန်တော့်ထက် တစ်တန်းကြီးပြီး ကျွန်တော့်ကို စာပြပေးခဲ့သူလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဆောင်မှူးလည်း ဖြစ်ပါတယ်။ သူဟာ တပ်မတော်အစိုးရ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူ တစ်ယောက်ပါ။ ကျွန်တော်က သူနဲ့ တွေ့တွေ့ချင်းပဲ ဒီပဲယင်း ကိစ္စဖြစ်သွားတာ ကျွန်တော် စိတ်မကောင်းပါဘူးလို့ ပြောလိုက်ပါတယ်။ သူက ဟုတ်တယ် မင်းဆွေကြီး ငါတို့လည်း စိတ်မကောင်းပါဘူး၊ ငါတို့က ဒေါ်စုကြည်နဲ့ ဦးတင်ဦးကို မုံရွာကနေ ပြန်လှည့်ဖို့၊ ရွှေဘိုဘက်ကို ရှေ့ဆက်မသွားဖို့ တားခဲ့ပါသေးတယ်၊ ဘယ်လိုမှ

> **တရားစီရင်ရေးနယ်ပယ်မှာ စကားပြောသော သက်သေနှင့် စကားမပြောသော သက်သေဆိုပြီး သက်သေနှစ်မျိုး ရှိပါတယ်။ စကားပြောသော သက်သေ(လူ)တွေဟာ တရားရုံးမှာ ကျမ်းကျိန်ပြီး ထွက်ဆိုချက်ပေးကြတဲ့အခါမှာပင် လိမ်လည်ထွက်ဆိုတတ်ကြပါတယ်။ ဒါကြောင့် တရားစီရင်တဲ့ တရားသူကြီးတွေဟာ စကားပြောတဲ့ သက်သေထက် စကားမပြောသော သက်သေကို ပိုမိုအလေးထားပြီး ဆုံးဖြတ်တတ်ကြပါတယ်။ သဖန်းဆိပ်ဆည်ကြီးဟာ စကားမပြောသော သက်သေကြီး တစ်ခုပါ။ တပ်မတော်အစိုးရဟာ မစုကို VIP တစ်ယောက်လို သဘောထားပြီး တပ်မတော်အစိုးရရဲ့ တည်ဆောက်ရေး လုပ်ငန်းတွေကို လှည့်လည် ပြသခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာပြည်သူလူထု တစ်ရပ်လုံးက တပ်မတော်အစိုးရနဲ့ မစု လက်တွဲကြမယ်ထင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြရပါတယ်။ ဒါပေမယ့် မစုဟာ စကားမပြောတဲ့ သက်သေတွေကို အလေး မထားဘဲ ပယ်ချခဲ့တယ်။**

ပြောလို့တားလို့ မရခဲ့ဘူးကွာ၊ အဲဒီ မေ ၃၀ ရက်နေ့ ညမှာပဲ ဒေါ်စုကြည်တို့ ဒီပဲယင်းနယ်ရောက်တော့ သူတို့ကို ထောက်ခံသူတွေနဲ့ ဆန့်ကျင်သူတွေ ရိုက်နှက်ခိုက်ရန်ဖြစ်ကြတယ်လို့ သိခဲ့ရကြောင်း ပြောပြခဲ့ပါတယ်။

**တကယ်တော့ ဒီပဲယင်းကိစ္စဆိုတာ မစုနဲ့ ဦးတင်ဦးတို့ရဲ့ တစ်ဇွတ်ထိုး လုပ်မှုကြောင့် ဖြစ်ခဲ့ရတဲ့ အချင်းကိစ္စတစ်ခုသာ ဖြစ်တယ်ဆိုတာ မစုနဲ့ ဦးတင်ဦးတို့ ကောင်းစွာ သိရှိကြမှာပါ။**

မစုရေ....ခုတလော မစုလွတ်မြောက်ရေးဆိုပြီး မစုရဲ့ NLD ပါတီဝင်တချို့ဟာ ဘုရားတက် ဝတ်ပြုဆုတောင်းနေကြပါတယ်။ အင်အားကတော့ ၁၅ ယောက်၊ အယောက် ၂၀ လောက်ပါ။ ဒီနေရာမှာ မစု လွတ်မြောက်ရေးဆိုတာကို ကျွန်တော် နက်နက်နဲနဲ စဉ်းစားကြည့်ပါတယ်။ ဟုတ်ပါတယ်။ မစုဟာ တကယ်ကို အချုပ်အနှောင်ခံနေရတာပါ။ ဒါကြောင့် မစုဟာ လွတ်မြောက်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်လည်း မစုကို လွတ်မြောက်စေချင်ပါတယ်။ **အနောက်အုပ်စု နိုင်ငံတွေဟာ မစုကို ဆုပေါင်း ၈၀ ကျော်ပေးပြီး ဒီဆုတွေနဲ့ မစုကို ချုပ်နှောင်ထားကြတာပါ။ ဒီဆုတွေကို ရခဲ့တဲ့ မစုဟာ ဒီဆုတွေကြောင့် သူတို့အလိုတော်ကျ လုပ်ခဲ့ရပါတယ်။ ဒီလို သူတို့ အလိုတော်ကျ လုပ်ရင်းနဲ့ ဒီပဲယင်း အချင်းကိစ္စ ဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီတော့ နိုင်ငံတော်အစိုးရကလည်း ဒီပဲယင်းအချင်းကိစ္စမျိုး နောက်ထပ် မဖြစ်ရလေအောင် မစုကို နေအိမ်မှာ တားဆီးမိန့်ထုတ်ပြီး၊ တားဆီးထားရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ကြည့်မယ်ဆိုရင် အနောက်အုပ်စုရဲ့ အနှောင်အဖွဲ့များမှ မစုကိုယ်တိုင် မရုန်းထွက်သမျှကာလပတ်လုံး မစုဟာ သူတို့ရဲ့ အချုပ်အနှောင်က လွတ်မြောက်နိုင်မှာ မဟုတ်ဘူးဆိုတာ တွေ့ရပါတယ်။**

မစုရေ....ဒီနေ့ဒီအချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေဟာ နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်လာဖို့ အာသာတငမ်းငမ်းနဲ့ လိုလားတောင့်တနေကြပါတယ်။ ကျွန်တော်တို့ဒေသက နိုင်ငံတွေဟာ ဖွံ့ဖြိုးတိုးတက်လာနေကြပါပြီ။ ကမ္ဘောဒီးယားနိုင်ငံတောင်မှ ဖွံ့ဖြိုးတိုးတက်ဖို့ တာစူနေပါပြီ။ **ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ လူနေမှုအဆင့်မြင့်မားမှု၊ စားဝတ်နေရေး ချောင်လည်မှုတွေကို မြန်မာနိုင်ငံသားတိုင်း လိုချင်တောင့်တနေတဲ့အချိန်မှာ မစုဟာ အနောက်အုပ်စုရဲ့ အနှောင်အဖွဲ့မှ ရုန်းထွက်ပြီး နိုင်ငံတော်အစိုးရ၊ မြန်မာပြည်သူလူထုတို့နဲ့ လက်တွဲဖို့ လိုအပ်နေပါပြီ။ သန်းပေါင်း ၅၀ ကျော်သော မြန်မာပြည်သူတို့ရဲ့ မျက်နှာကို သမင်လည်ပြန်ငဲ့ကြည့်ပြီး ဆုပေါင်း ၈၀ ကျော်ဖြင့် ချုပ်နှောင်ထားသော အနောက်အုပ်စုရဲ့အချုပ်အနှောင်မှ အမြန်ဆုံး ရုန်းထွက်လိုက်ပါလား မစုရယ်။**

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် ပြည်နယ်နှင့် တိုင်း အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၁၇

**၂၀၀၇ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း(ဂ)အဆင့်၊ (ခ)အဆင့်လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

အခမ်းအနားတွင် ရေးဦးစွာ ယမန်နှစ်ချန်ပီယံ မန္တလေးတိုင်းအသင်းက အားကစားဝန်ကြီးဌာန ဝန်ကြီးထံ တံခွန်စိုက်ဒိုင်းကို ပြန်လည်အပ်နှံသည်။ ဆက်လက်၍ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အားကစားဝန်ကြီးက မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ပေးအပ်သည့် ပြိုင်ပွဲဝင် ၁၄သင်းအား ထောက်ပံ့ကြေးငွေ ကျပ်တစ်သိန်းစီနှင့် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီး လေးဦးနှင့် နည်းပြတစ်ဦးအား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီ စုစုပေါင်း ငွေကျပ် ၁၉သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။ ထို့ပြင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် လက်ဝှေ့ အားကစားနည်း တာဝန်ခံ နာယက အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်သန်းဝင်း၊ ဒေါ်လှဲ့လှဲ့ကြည်၊ ဒေါ်သက်သက်ဆွေနှင့် ဒေါ်ခင်မိုးညွန့်တို့က ပြိုင်ပွဲဝင် အားကစားသမားများအတွက် ငွေကျပ် သုံးသိန်းနှင့် ပဏာမလက်ရွေးစင်များအတွက် ဂုဏ်ပြုအားဖြည့်ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံရယူသည်။ ယင်းနောက် ပထမနေ့လက်ဝှေ့ပွဲစဉ် ၃၀ကို ကျင်းပသည်။ လက်ဝှေ့ပြိုင်ပွဲတွင် အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇွန် ၂၄ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

# သမိုင်းစဉ်ဆက် ထက်မြက်ရှင်သန် ဇာတိမာန် နိုင်ငံအင်အား မြန်မာအမျိုးသမီးများ




## ပေးအပ်လှူဒါန်း

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် လက်ဝှေ့အားကစားနည်း တာဝန်ခံ နာယကအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ခင်သန်းဝင်း၊ ဒေါ်လှဲ့လှဲ့ကြည်၊ ဒေါ်သက်သက်ဆွေ နှင့် ဒေါ်ခင်မိုးညွန့်တို့က ပြိုင်ပွဲဝင် အားကစားသမားများအတွက် ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)




**ကမ္ဘောဇဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင် ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ရန်ပုံငွေ အတွက် ငွေကျပ် သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး လက်ခံရယူစဉ်။** (ကြေးမုံ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၁၈-၆-၂၀၀၇ (တနင်္လာနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | အငှားနှင့်သာအမြတ်ရှာ တရားတော် အရှင်ကုမာရ (ကျောက်ပန်းတောင်း ဆရာတော်) |
| ၈:၀၅ | ရတနာကိုးသွယ်စီကာသခြယ် |
| ၈:၂၅ | တေးဂီတအစီအစဉ် |
| ၈:၃၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | မှိုအသားမျှင် တစ်သျှူးမျိုးပွားနည်း |
| ၉:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (DESIGNER MYINTZU) |
| ၁၀:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅ | မြန်မာစာ၊ မြန်မာစကား(၆) |
| ၁၀:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၅ | Basic Computer Learning for Beginner (Vol-14) Microsoft Excel |
| ၁၀:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | စက်မှုဇုန်မှာ ကျွန်မစက်ရုံလာ တည်တော့မယ် (ဖြိုးငွေစိုး၊သဇင်၊ မိုးဒီ၊ ခင်မို့မို့အေး) [ဒါရိုက်တာ တင်အောင်ရွှေ (သုတေသီ)] |
| ၁၁:၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၀၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ) |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | သွားကျန်းမာရေးနှင့် သွားတိုက်ဆေး |
| ၁၁:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၅၀ | The Game Guide (Call of Duty) |
| ၁၂:၁၅ | တေးဂီတအစီအစဉ် |
| ၁၂:၂၀ | ကာဖွန်ဒိုင်အောက်ဆိုက် အခဲရေခဲခြောက် |
| ၁၂:၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၄၀ | ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မမွေးမြူရေး) |
| ၁၂:၅၅ | တေးဂီတအစီအစဉ် |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ ချုပ် တစ်နှစ်တာ အကောင်းဆုံး အားကစားသမားနှင့် နည်းပြဆုချီးမြှင့်

ရန်ကုန် ဇွန် ၁၇

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်မှ ရွေးချယ်ချီးမြှင့်သည့် ၂၀၀၆ခုနှစ်၏ တစ်နှစ်တာ အကောင်းဆုံးအားကစား သမားဆုနှင့် အကောင်းဆုံးနည်းပြဆု ချီးမြှင့်ပွဲကို ယမန်နေ့ည ၇နာရီက ဟိုတယ်နီကိုတွင်ကျင်းပရာ အမျိုးသား အကောင်းဆုံး အားကစားသမားဆုကို အောင်ဆန်းဦး(ဘိလိယက်)၊ အမျိုးသမီး အကောင်းဆုံး အားကစားသမား ဆုကို ရာသက်ပန် (အလေးမ)နှင့် အကောင်းဆုံး နည်းပြဆုကို ဗိုလ်ကြီးကျော်ဇင်မိုး(ပိုက်ကျော်ခြင်း)တို့က ဆွတ်ခူးရရှိသွားကြသည်။**

ဆုချီးမြှင့်ပွဲ တွင် ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြု အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းနှင့် ဆုရွေးချယ်ပုံတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၀၆ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆု၊ နည်းပြဆု ရရှိသူများ၏ အမည်စာရင်းကိုကြေညာပြီး ဆုရရှိသူများ၏ စွမ်းဆောင်ရည်များကို Projector ဖြင့် ပြသသည်။

ဆက်လက်၍ အကောင်းဆုံးဆုရရှိသူများကို ဆုများချီးမြှင့်ရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အကောင်းဆုံး အားကစားသမားဆုရ အမျိုးသား အောင်ဆန်းဦး၊ အမျိုးသမီး ရာသက်ပန်နှင့် နည်းပြဆုရ ဗိုလ်ကြီးကျော်ဇင်မိုးတို့အား ဆုတံဆိပ်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ ချီးမြှင့်သည့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အကောင်းဆုံးဆုရရှိသူ သုံးဦးအား အားကစားကလောင်ရှင်များအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ် ရန်ပုံငွေအတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် အကောင်းဆုံးဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ အကောင်းဆုံး အားကစားသမားဆုရရှိသူအား ကျပ် ၁၀သိန်းစီ၊ အကောင်းဆုံး နည်းပြဆုရရှိသူအား ကျပ် ငါးသိန်းနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်မှ အကောင်းဆုံး အားကစားသမားဆုရရှိသူအား ကျပ် ၁၀သိန်းစီ၊ အကောင်းဆုံး နည်းပြဆုရရှိသူအား ကျပ်ငါးသိန်းတို့ ပေးအပ်ချီးမြှင့်သည်။

မြန်မာ့အားကစားလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာရေးကို ရည်ရွယ်ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံး အားကစားသမားဆုကို ၂၀၀၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့က ပူးပေါင်း၍ ပြန်လည်ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၃ခုနှစ်တွင် အမျိုးသား အောင်လင်း (လှေလှော်)၊ အမျိုးသမီး ခိုင်ခိုင်မော်(ဝူရှူး)၊ ၂၀၀၄ ခုနှစ်တွင် အမျိုးသား စိုးမြတ်မင်း (ဘောလုံး)၊ အမျိုးသမီး ဆွေဆွေသန့် (ဝူရှူး)၊ အကောင်းဆုံးအသင်းဆုကို အမျိုးသမီးဘောလုံးအသင်း၊ ၂၀၀၅ ခုနှစ်တွင် အမျိုးသား အောင်ချိုမြင့် (ပိုက်ကျော်ခြင်း)၊အမျိုးသမီး ယဉ်ယဉ်ခိုင်(ပြေးခုန်းပစ်)၊ နည်းပြဆုကို ဦးကျော်ခင်(ပြေးခုန်ပစ်)နှင့် ဒေါက်တာမင်းနိုင် (ဘိလိယက်)တို့က ရရှိခဲ့ကြသည်။ ယခင်ကလည်း အကောင်းဆုံးဆု ချီးမြှင့်ခဲ့ခြင်းများရှိခဲ့ပြီး ၁၉၅၅နှင့် ၆၆ခုနှစ်တို့တွင် ဗဟာဒူး(ဘောလုံး)၊ ၁၉၉၄ ခုနှစ်တွင် အမျိုးသား သန်းတိုးအောင်(ဘောလုံး)၊အမျိုးသမီး ဝင်းဝင်းမာ (အလေးမ)၊ ၁၉၉၅ ခုနှစ်တွင် အမျိုးသား မြင့်စိုး (သေနတ်ပစ်)၊ အမျိုးသမီး ခင်ခင်ထွေး(ပြေးခုန်ပစ်) တို့က ရရှိခဲ့ကြသည်။

အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ အောင်ဆန်းဦးသည် ၂၀၀၆ ခုနှစ်အတွင်း အီရန်နိုင်ငံ၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲတွင် တစ်ဦးချင်း ရွှေတံဆိပ်နှင့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နှစ်ယောက်တွဲ ငွေတံဆိပ်ရရှိခဲ့သူဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာ့လက်ရွေးစင်စဖြစ်ပြီး နိုင်ငံအတွက် ရွှေ(၂)၊ ငွေ(၂)၊ ကြေး(၁) ဆွတ်ခူးရယူပေးထားပြီးဖြစ်သည်။

အမျိုးသမီး တစ်နှစ်တာအကောင်းဆုံးဆုရ အလေးမ လက်ရွေးစင် ရာသက်ပန်မှာ ၂၀၀၆ခုနှစ်က ကာတာနိုင်ငံတွင် ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ၆၉ ကီလိုတန်း၌ ငွေတံဆိပ်ရယူနိုင်ခဲ့သူဖြစ်သည်။ ၂၀၀၄ခုနှစ်တွင် မြန်မာ့လက်ရွေးစင် အလေးမအားကစားမယ်ဖြစ်ခဲ့ပြီး နိုင်ငံအတွက် ငွေတံဆိပ်နှစ်ခု ရယူပေးပြီးဖြစ်သည်။

အကောင်းဆုံးနည်းပြဆုရ ဗိုလ်ကြီးကျော်ဇင်မိုးမှာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးတစ်ဦးဖြစ်ပြီး လက်ရွေးစင်အသင်း၏ အုပ်ချုပ်သူ နည်းပြချုပ်အဖြစ်ပါ ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၆ခုနှစ်က ကျင်းပသော (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲ ငါးမျိုးယှဉ်ပြိုင်ရာ၌ ငွေ(၂)၊ ကြေး (၃)ဖြင့် ပြိုင်ပွဲငါးမျိုးစလုံး၌ ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ပြည်ပပြိုင်ပွဲမှ ရွှေ(၆)၊ ငွေ (၁၆)၊ ကြေး (၁၆) ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ (ကြေးမုံ)




**တစ်နှစ်တာ အကောင်းဆုံး အားကစားသမားဆု ရရှိသော အမျိုးသား အောင်ဆန်းဦး (ဘိလိယက်)၊ အမျိုးသမီး ရာသက်ပန် (အလေးမ)နှင့် နည်းပြဆုရ ဗိုလ်ကြီး ကျော်ဇင်မိုး(ပိုက်ကျော်ခြင်း)တို့အား တွေ့ရစဉ်။** (ကြေးမုံ)

# ရွှေလီ ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်မည့် ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး တောတောင်ကျော်ဖြတ်၍ မဟာဓာတ်အားလိုင်း တည်ဆောက်နေ

ရန်ကုန် ဇွန် ၁၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၇ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်းက ရေအားလျှပ်စစ်စီမံကိန်းများကို လိုက်လံစစ်ဆေးစဉ် ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းလုပ်ငန်းများမှ ဓာတ်အားများထုတ်လုပ်မည့်အချိန်တွင် မြို့ရွာများ၌ မီးဖြန့်ဖြူးပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းမှုလုပ်ငန်းကို အချိန်ကိုက်ပြီးစီးရန် ဆောင်ရွက်ဖို့လိုကြောင်း လမ်းညွှန်မိန့်ကြားခဲ့သည်။ အဆိုပါလမ်းညွှန်ချက်အရ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ရန် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း ညွှန်ကြားရေးမှူးရုံးများဖွဲ့စည်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် (၂၃၀)ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိသည်။**

ကြေးမုံသတင်းအဖွဲ့သည် နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးနှင့် သွားရောက်တွေ့ဆုံကာ ဝန်ကြီး၏ စီစဉ်ပေးမှုဖြင့် ရွှေလီ–မန်စံ အပိုင်း မိုင် ၆၀ကို တောတောင်များ ကျော်ဖြတ်၍ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းနေကြသော လုပ်ငန်းခွင်သို့ သွားရောက်ပြီး တာဝန်ခံအင်ဂျင်နီယာများ၊ တည်ဆောက်ရေးလုပ်သားကြီးများနှင့် တွေ့ဆုံမေးမြန်း၍ လုပ်ငန်းဆောင်ရွက်နေမှုများကို မှတ်တမ်းတင်ခဲ့သည်။

ထိုသို့ တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ရာ၌ မိမိတို့သတင်းအဖွဲ့သည် ရန်ကုန်မှနေပြည်တော်၊နေပြည်တော်မှ မန္တလေးသို့သွား၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း ညွှန်ကြားရေးမှူးရုံး (မြောက်ပိုင်း)ရှိ အင်ဂျင်နီယာမှူးကြီး ဒေါ်အေးအေးမင်း၊ စီမံကိန်းရုံး၏ အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်လွင်တို့နှင့် တွေ့ဆုံရသည်။ ထိုသို့တွေ့ဆုံပြီး ဒုတိယဗိုလ်မှူးကြီးမြင့်လွင်သည် မိမိတို့သတင်းအဖွဲ့ကို မန္တလေးမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် နမ္မတူမြို့နယ် မန်စံကျေးရွာရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မန်စံ ဓာတ်အားခွဲရုံ တည်ဆောက်မည့် ဝင်းအတွင်းသို့ ကားဖြင့်ခေါ်ဆောင်သွားပါသည်။

ထိုဓာတ်အားခွဲရုံတွင် ဓာတ်အားပို့လွှတ်ရေး စီမံကိန်းရုံး (မြောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးတင်ရွှေနှင့် တွေ့ဆုံရပါသည်။ မန်စံဓာတ်အားခွဲရုံ တည်ဆောက်မည့်ဝင်းကို အုတ်တံတိုင်းခတ်ထားပြီး ဝင်းအတွင်း ရှင်းလင်းဆောင်၊ ဧည့်ရိပ်သာ၊ ဝန်ထမ်းအိမ်ရာတို့ကို တည်ဆောက်ထားသည်။ ဓာတ်အားခွဲရုံ တည်ဆောက်မည့်နေရာကိုမူ မြေတူးလုပ်ငန်းဆောင်ရွက်နေသည်။ မန်စံတွင် ဓာတ်အားခွဲရုံ တည်ဆောက်ရန် ရွေးချယ်ရခြင်းမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ အဓိကမြို့ကြီးများဖြစ်သော လားရှိုး၊ သီပေါ၊ နမ္မတူတို့နှင့် ကားလမ်းရှိပြီး နမ္မတူနှင့် ၁၄ မိုင်၊ သီပေါနှင့် ၂၈ မိုင်၊ လားရှိုးနှင့် မိုင် ၃၀သာ ကွာဝေးခြင်းကြောင့်ဟု ဆိုသည်။ လုပ်ငန်းရည်ရွယ်ချက်မှာ ရွှေလီ ရေအားလျှပ်စစ် စက်ရုံမှ ဓာတ်အားကိုလက်ခံရယူပြီး လားရှိုးခရိုင်နှင့်ကျောက်မဲခရိုင်တို့သို့ ဓာတ်အားများ ဖြန့်ဖြူးပေးရန်နှင့် ပိုလျှံသော ဓာတ်အားများကို ရွှေစာရံဓာတ်အားခွဲရုံ(မန္တလေး)သို့ ပို့လွှတ်ရန်ဖြစ်သည်ဟုလည်းသိရသည်။

ရွှေလီ ရေအားလျှပ်စစ်ဓာတ်အားစက်ရုံစီမံကိန်းသည် နမ့်ခမ်းမြို့နယ်၏



**တောထဲ တောင်ထဲရှိ စက်ရုံများမှ ထုတ်လုပ်ပေးသည့် လျှပ်စစ်ဓာတ်အားများ မြို့ရွာများသို့ ရောက်ရှိရေးအတွက် တောတောင်များကို ဖြတ်၍ မဟာဓာတ်အားလိုင်းများ တည်ဆောက်ပေးရခြင်း ဖြစ်ကြောင်းကို ဓာတ်အားပို့လွှတ်ရေး စီမံကိန်း ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ရွှေ ရှင်းပြစဉ်။**

အနောက်တောင်ဘက် ၁၇ မိုင်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်အတွင်း၌ တည်ဆောက်ထားသည်။ ရွှေလီမြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စတင်မြစ်ဖျားခံ စီးဆင်းခဲ့၍ မြန်မာနိုင်ငံ မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များအနီးတွင် နယ်နိမိတ်အဖြစ် ဖြတ်သန်းစီးဆင်းကာ စစ်ကိုင်းတိုင်း အင်းရွာအနီးတွင် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သွားသည်။ (မြေပုံအညွှန်း အို–၃၆၂၄၅)အနီးတွင် မြစ်ရိုးအတွင်း အရှည်မိုင် ခြောက်မိုင်ခန့်အတွင်း၌ ရေကျရေတံခွန်များအဖြစ် အမြင့်ပေ ၁၀၀၀ ခန့် နိမ့်ကျစီးဆင်းလျက်ရှိရာ ယင်းသဘာဝ ရေနိမ့်မြင့်ကွာခြားချက်ကို အသုံးပြု၍ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ထားခြင်း

## ကွင်းဆင်းလေ့လာရေးသားသူ–ခရမ်းစိုးမြင့် ဓာတ်ပုံမှတ်တမ်း – ရေချမ်းမြင့်

ဖြစ်သည်။ ဓာတ်အားမှာ မဂ္ဂါဝပ် ၆၀၀ ရှိပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၀၂၂ ကို ထုတ်လုပ်မည်ဟု သိရသည်။

မိမိတို့အဖွဲ့သည် မန်စံတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် မဟာဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်နေသည့် နမ္မတူဘက်သို့ ဒုတိယဗိုလ်မှူးကြီး မြင့်လွင်နှင့်အတူ ခရီးထွက်ခဲ့ကြပြန်သည်။ နမ္မတူမြို့အနီး တောတွင်းတစ်နေရာတွင် ဓာတ်အားလိုင်း တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်း၊ ကြိုးဆွဲတာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းထွန်းဝင်းနှင့် ဧရာဝတီတိုင်းမှ အင်အားဖြည့်ထားသည့် တိုင်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးသိန်းလွင်တို့ကို ဝန်ထမ်းအင်အား ၁၀၀ကျော်နှင့် တိုင်ထူခြင်း၊ ကြွေသီးတပ်ခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်းများ သက်စွန့်ဆံဖျား လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ရသဖြင့် ဓာတ်ပုံမှတ်တမ်းတင်ကြသည်။

ယင်းနောက်စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ရွှေအား တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးတင်ရွှေက "မိမိတို့ နိုင်ငံမှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တွေဟာ တောထဲတောင်ထဲမှာပဲရှိကြောင်း၊ အဲဒီ တောထဲတောင်ထဲမှာရှိသည့် ဓာတ်အားပေးစက်ရုံတွေက ထုတ်လွှတ်ပေးသည့် ဓာတ်အားတွေကို မြို့ရွာအရောက်



ရွှေလီ–မန်စံအပိုင်းတွင် ရွှေလီမှ လျှပ်စစ်ဓာတ်အားများ မန်စံ ဓာတ်အားခွဲရုံသို့ ရောက်ရှိရန် အတွက် မဟာဓာတ်အားလိုင်း တာဝါတိုင်များ စိုက်ထူထားသည်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ ဤသို့ တွေ့ခဲ့ရသည်။



## သက်စွန့်ဆံဖျား

**မဟာဓာတ်အားလိုင်း တည်ဆောက်တပ်ဆင်ရေး လုပ်ငန်းတွင် ကြွေသီးတပ်နှင့် ကြိုးတန်းခြင်း လုပ်ငန်းကို လျှပ်စစ်အင်ဂျင်နီယာနှင့် လုပ်သားကြီးများ ဤသို့ သက်စွန့်ဆံဖျား ဆောင်ရွက်ကြရသည်။**

ပို့ပေးရကြောင်း၊ အဲဒီ အတွက် High Voltage Power Transmission Line ကျွန်တော်တို့အခေါ် Power Transmission Project ဆိုတာ ပေါ်လာရကြောင်း။

"ယခုရွှေလီရေအားလျှပ်စစ်ဓာတ်အား စီမံကိန်းစက်ရုံကြီးဟာ အဓိကမြို့ရွာများနှင့် မိုင်ပေါင်းမြောက်မြားစွာ ဝေးကြောင်း၊ အနီးဆုံးဆိုသည့် နမ့်ခမ်းမြို့နယ်ကအစ မိုင် ၃၀လောက် ဝေးကွာကြောင်း၊ အဲဒီ ရွှေလီရေအားလျှပ်စစ်စက်ရုံက ထုတ်လုပ်ပေးမည့် ဓာတ်အားတွေကို မဟာဓာတ်အားလိုင်းတွေ တည်ဆောက်သွယ်တန်းပေးမှ လိုချင်သည့် မြို့ရွာတွေကို ဓာတ်အားတွေရောက်မှာ ဖြစ်ကြောင်း၊ အဲဒါကြောင့် ကျွန်တော်တို့ဟာ ရွှေလီ၊ မန်စံ၊ ရွှေစာရံ၊ မိုင် ၁၈၀ကို မဟာဓာတ်အားလိုင်းတွေ တည်ဆောက်သွယ်တန်းနေကြောင်း။

"ယခုပထမဆုံး လုပ်နေတာက ရွှေလီ–မန်စံအပိုင်းဖြစ်ကြောင်း၊ ရွှေလီ မန်စံ၊ ရွှေစာရံ၊ မိုင် ၁၈၀ အပိုင်းမှာ ရွှေလီနှင့် မန်စံအပိုင်းက မိုင် ၆၀ရှိပြီး အခက်အခဲ ဆုံးဖြစ်ကြောင်း၊ ဒီအပိုင်းကို အရင်လုပ်တာက ရွှေလီစက်ရုံကဓာတ်အားတွေ မန်စံရောက်လာဖို့နှင့် မန်စံ ဓာတ်အားခွဲရုံ တည်ဆောက်ပြီး မန်စံမှ နမ္မတူ၊ လားရှိုး၊ သီပေါ စသည်တို့ကို ဓာတ်အားတွေ ပေးနိုင်ရန်ဖြစ်ကြောင်း၊ ၎င်းနောက် ရွှေစာရံ (မန္တလေး)ဘက်ကို ဓာတ်အားခွဲရုံကတစ်ဆင့် National Grid နှင့် ချိတ်ဆက်ပြီး ရန်ကုန်အရောက် ပေးပို့သွားရန် စီစဉ်ထားကြောင်း။

ရွှေလီရေအားလျှပ်စစ်စက်ရုံကတော့ ၂၀၀၈ခုနှစ်အတွင်းမှာ စတင်၍ စက်ရုံလည်ပတ်၍ ဓာတ်အားတွေ ထုတ်ပေးနိုင်မည်ဟုသိရပြီး စက်ရုံကဓာတ်အားတွေ ထုတ်ပေးတာနဲ့ ချက်ချင်းမြို့ရွာများအရောက် မီးတွေပေးနိုင်အောင် စီစဉ်နေခြင်းဖြစ်ကြောင်း။

မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းခြင်းလုပ်ငန်းကို ၁၉၈၄ခုနှစ် ချောက်–ရန်ကုန် စီမံကိန်းမှာ ဂျာမန်နှင့်နော်ဝေမှ ပညာရှင်များနှင့် နောက်ဆုံး လုပ်ကိုင်ပြီးနောက် ယနေ့အထိ မြန်မာအင်ဂျင်နီယာ ပညာရှင်များနှင့် လုပ်ကိုင်ကြောင်း၊ မဟာဓာတ်အားလိုင်းဆွဲရာမှာ အဖြောင့်ဆွဲနိုင်မှ အကုန်သက်သာကြောင်း၊ မိမိတို့ ယခုရွှေလီ–မန်စံကို အဖြောင့်ဆွဲထားကြောင်း၊ အမှန်တကယ် ကားလမ်းနှင့်နီးရာ ရွှေလီမှ နမ့်ခမ်း–မူဆယ်ကိုပတ်ကာ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါမှ ရွှေစာရံသို့ ဆွဲပါက မဟာဓာတ်အားလိုင်း မိုင် ၃၁၀ကျော်ရှိကြောင်း၊ ရွှေလီ–မန်စံ ရွှေစာရံကို တောတောင်တွေကြားက ဖြတ်ပြီး အဖြောင့်ဆွဲလိုက်သဖြင့် မဟာဓာတ်အားလိုင်း မိုင် ၁၃၀လောက် တိုသွားကြောင်း၊ ထို့ကြောင့် မဟာဓာတ်အားလိုင်းဆွဲရာမှာ ကုန်ကျစရိတ် အနေဖြင့် တစ်မိုင်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သိန်းလောက် ကုန်ကျကြောင်း၊ မိုင် ၁၃၀လောက် တိုသွား၍ အမေရိကန်ဒေါ်လာ စုစုပေါင်း သန်း ၂၀လောက် နိုင်ငံတော်အတွက် သက်သာသွားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့၊ အင်ဂျင်နီယာချုပ်တို့၏ အနီးကပ် ကြီးကြပ်မှုဖြင့် မဟာဓာတ်အားလိုင်းများ တည်ဆောက်သွယ်တန်းရေးလုပ်ငန်းကို တောတောင် အထပ်ထပ်ကို ကျော်ဖြတ်၍ နေပူမရှောင်၊ မိုးရွာမရှောင် ဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့ပါသည်။ ရွှေလီ–မန်စံ၊ ရွှေစာရံ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရေးနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးလုပ်ငန်းကို ကွင်းဆင်းလေ့လာကာ ပထမပိုင်းအဖြစ် တင်ပြလိုက်ရပါသည်။ ။



**၂၀၀၈ ခုနှစ်အတွင်း စတင်လည်ပတ်ဓာတ်အားများ ထုတ်လုပ်ပေးတော့မည့် ရွှေလီရေအားလျှပ်စစ် စီမံကိန်းကို တွေ့ရစဉ်။**

# သတ္တမကြိမ်စုပေါင်းသွေးလှူဒါန်း

**ရန်ကုန်　ဇွန်　၁၇**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆရာတော် ဦးဓမ္မပီယ(ဖွဲ့စုံသာသနာ့ရာမကျောင်းတိုက်)နှင့် ဆရာတော်မေတ္တာဝါဒီ(ဟသ်ာတ) ပရဟိတကျောင်းတိုက်တို့ထံ သြဝါဒကိုခံယူပြီး ဇွန် ၁၄ရက် ကမ္ဘာ့သွေးလှူရှင်များနေ့ကိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့နယ် ကြက်ခြေနီတပ်ရင်း မြို့နယ်သွေးလှူရှင်အကျိုးဆောင်အဖွဲ့ကကြီးမှူး၍ သတ္တမအကြိမ်စုပေါင်းသွေး လှူဒါန်းပွဲနှင့်အလှူငွေပေးအပ်ပွဲကို ဇွန် ၅ရက် နံနက် ၁၀နာရီတွင် ဖွဲ့စုံသာသနာ့ရာမကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် မေတ္တာဝါဒီ (ဟသ်ာတ)ပရဟိတကျောင်းတိုက် လှိုင်မြို့နယ် ရန်ကုန်မြို့၌လည်းကောင်း ကျင်းပသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ သွားရောက်၍ စုပေါင်းသွေးလှူဒါန်းကြသည်။　(က-ပ)



**ဟုမ္မလင်းမြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၂ရက်က ဇီဝကလမ်း လမ်းလယ်ကျွန်းတစ်လျှောက်တွင် ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် လမ်းဘေးဝဲ/ယာ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုး ကြီးကြပ်ဆောင်ရွက်စဉ်။**　(မြို့နယ်စည်ပင်)

# အင်တာနက် အားကစားသတင်း

## ဘေယန်မြူးနစ် အင်အားပြည့်မှု ဂျာမနီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ချီးကျူး

**ဟယ်လီ (ဂျာမနီ) ဇွန် ၁၇**

ပြင်သစ်လက်ရွေးစင် ဖရန့်စ်ရစ်ဘာရီနှင့် လူကာတိုနီတို့ ဘေယန်မြူးနစ်အသင်းသို့ ရောက်ရှိလာခြင်းမှာ ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲအတွက် ဆုလာဘ်တစ်မျိုးဖြစ်လိမ့်မည်ဖြစ်ကြောင်း ဂျာမနီဘောလုံးအဖွဲ့ချုပ်(ဒီအက်ဖ်ဘီ) ဥက္ကဋ္ဌက ယနေ့ပြောကြားသည်။

ဘေယန်မြူးနစ်အသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမား ရစ်ဘာရီ (၂၄)နှစ်ကို ပြင်သစ် မာဆေးလ်အသင်းမှလည်းကောင်း၊ အီတလီတိုက်စစ်မှူး တိုနီ(၃၀)နှစ်ကို အီတလီ ဖီအိုရင်တီးနား အသင်းမှလည်းကောင်း ယူရို ၃၆သန်းဖြင့် ဝယ်ယူခဲ့သည်။

ဂျာမနီချန်ပီယံ အကြိမ် ၂၀ဖြစ်ခဲ့ဖူးသော ဘေယန်မြူးနစ်အသင်းသည် ၁၀နှစ်တာကာလအတွင်း ယင်းအသင်းအတွက် အဆိုးရွားဆုံးသော ဘောလုံးရာသီကို ဖြတ်သန်းခဲ့ရပြီးနောက် ဘောလုံးသမားများနှင့် အားဖြည့်ခြင်းဖြစ်သည်။

ရစ်ဘာရီနှင့်တိုနီတို့သည် လွန်ခဲ့သည့်နှစ်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ကြသူများဖြစ်ပြီး အဆင့်မြင့်ဘောလုံးသမားများ ပါဝင်လာခြင်းသည် ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ၏ အဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ဒီအက်ဖ်ဘီဥက္ကဋ္ဌ ဒေါက်တာသီအိုဇဝန်ဇင်ဂါက ပြောကြားသည်။　**အင်တာနက်**

## ပြင်သစ်ချန်ပီယံလီယွန်က ကီတာနှင့် ဘော့ဒ်မာတို့ကိုခေါ်ယူ

**လီယွန်　ဇွန်　၁၇**

တိုက်စစ်မှူး အဗ္ဗဒူလ်ခါဒါကီတာနှင့် ကွင်းလယ်ကစားသမား မက်သယူးဘော့ဒ်မာတို့သည် ခြောက်ကြိမ်တိုင်တိုင် ချန်ပီယံဆုဖလားရရှိခဲ့သည့် လီယွန်အသင်း၌ လေးနှစ်ကစားရန် ကန်ထရိုက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးလိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် ၂၅နှစ်အရွယ် ကီတာအား ယူရို ၁၆သန်းပေး၍ ခေါ်ယူခြင်းမှာ ဘာရာဇီးဘောလုံးသမား ဆိုနီအန်ဒါဆင်ပြီးလျှင် ဒုတိယအများဆုံးအသင်းပြောင်းရွှေ့ကြေးဖြစ်သည်။

အိုင်ဗရီကို့စ် ဘောလုံးသမားကီတာသည် ၂၀၀၅ခုနှစ်မှစ၍ လိုင်လီအသင်းတွင် ရှိနေခဲ့သည်။

အသက် ၂၄နှစ်အရွယ် ဘော့ဒ်မာမှာမူ လွန်ခဲ့သည့်ဘောလုံးလေးရာသီတွင် လိုင်လီအသင်း၌ ကစားခဲ့ပြီး လီယွန်အသင်းက ၎င်းကို ယူရို ခြောက်သန်းဖြင့် ဝယ်ယူခဲ့သည်။　**အင်တာနက်**



# ဒလမြို့နယ် ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းတာဝန်ပေးအပ်

**ရန်ကုန်　ဇွန်　၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းတာဝန် ပေးအပ်ပွဲကို ဇွန် ၁၅ရက် နံနက် ၉နာရီက ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးသန်းကြိုင်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင်မြင်စွာ အကောင်အထည်ဖော်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။ ဆက်လက်၍ မြို့နယ်စီမံကိန်းဦးစီးမှူး (မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး) ဦးသန်းကြိုင်က ၂၀၀၅-၂၀၀၆ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ၂၀၀၇-၂၀၀၈ခုနှစ် ဌာနအလိုက် အကောင်အထည်ဖော်ရမည့် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ၂၀၀၇-၂၀၀၈ခုနှစ် နှစ်စဉ်စီမံကိန်းတာဝန်များအား ဌာနတစ်ခုချင်းအလိုက် ပေးအပ်ကြောင်းသိရသည်။ **(အပေါ်ပုံ)**　(၅၂၉)

# သရက်ခရိုင်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**သရက်　ဇွန်　၁၁**

သရက်ခရိုင်တွင်းလည်အုပ်စု အုတ်ဖိုကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၀ရက် နံနက် ၁၀နာရီတွင် အဆိုပါကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပရာ ရှေးဦးစွာ တွင်းလည်ကျေးရွာဥက္ကဋ္ဌ ဦးဝင်းစိန်က စာကြည့်တိုက် အဆောက်အအုံဖြစ်မြောက်အောင် စီမံဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းကျော်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက်အဆောက်အအုံသစ်ကို အုတ်ဖိုကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းစိန်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမင်းလွင်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှလှူဒါန်းသော သုတ/ရသ/မဂ္ဂဇင်း/ဂျာနယ် စုစုပေါင်း ၅၀၄အုပ်အား ကျေးရွာစည်းရုံးရေးမှူးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ယခုဖွင့်လှစ်သော အဆောက်အအုံမှာ ဝါးထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်း(၂၀X၃၀)နှစ်ထပ်ဖြစ်ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)




## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၇)လမ်း၊ အမှတ်(၁၇)နေ ဦးသိန်းဆုလွင်-ဒေါ်စန်းစန်းတင်တို့၏ သားဖြစ်သူ မောင်သဲမောင် [၁၂/သကတ(နိုင်)၁၅၂၇၆၃] ကိုင်ဆောင်သူအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်ပြီး အရှုပ်အရှင်းကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ ဦးသိန်းဆုလွင်-ဒေါ်စန်းစန်းတင် နာမည်အား မည်သူတစ်ဦးတစ်ယောက်မှ သုံးစွဲပိုင်ခွင့်မရှိပါ။ သုံးစွဲပါက တရားဥပဒေအရအရေးယူမည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးသိန်းဆုလွင်-ဒေါ်စန်းစန်းတင်**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ ဘုရင့်နောင်အိမ်ရာနေ
ဦးဟန်စိန်-ဒေါ်စန်းမြင့် တို့၏သား
**ဗိုလ်ကြီး အောင်ဖြိုး M.B.,B.S (D.S.M.A),**
**M.Med. Sc 2nd Year (Int; Med)**
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်းနေ ဦးအောင်သိန်း-
ဒေါ်သန်းသန်းဆွေ အထက(၂)တောင်ဥက္ကလာပ တို့၏သမီး
**ဗိုလ်ဆွေလွင်သိန်း (B.N.Sc)**

တို့သည် ၁၇-၆-၂၀၀၇ (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**ဗိုလ်ကြီး အောင်ဖြိုး-ဗိုလ်ဆွေလွင်သိန်း။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့၊ (၃)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်-၂၉၄နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်းဦး[၁၀/ရမန(နိုင်) ၀၇၈၂၄၁]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့နယ်ခွဲ၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်-၅/ဗိမာန်၊ ဦးပိုင်အမှတ်-၂၈၊ ဧရိယာ(၀ ဒသမ ၆၂၈) ဧကရှိ လ/န ၃၉ရရှိပြီး အိမ်ရာမြေကွက်ကို မူလအမည်ပေါက် ဒေါ်ဖွားရင်(ခေါ်) ဒေါ်သက်သက် [၃/မဝတ(နိုင်) ၀၀၈၂၆၄] ထံမှ ဦးဆန်းဦးဝယ်ယူခဲ့ပြီး ကြာအင်းဆိပ်ကြီးမြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် (၆-၆-၂၀၀၆)ရက်နေ့တွင် အရောင်းမှတ်ပုံတင်စာချုပ် အမှတ်-၁၈/၂၀၀၆ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အဆိုပါမှတ်ပုံတင်စာချုပ်ကို အထောက်အထားပြု၍ သက်ဆိုင်ရာ မြို့နယ်မြေစာရင်းတွင် ဦးဆန်းဦးအမည်သို့ ပြောင်းလဲမှတ်သားရန် တရားဝင် တင်သွင်းလျှောက်ထားပြီးဖြစ်၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောအထောက် အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း။

**ဦးဆန်းဦး၏လွှဲ အပ်ညွှန်ကြားချက်အရ-**
**ဦးအေးမြင့် LL.B., D.B.L**
**တရားရုံးချုပ်ရှေ့နေ**
**တိုက်-၉/၁၁၊ ၄-လွှာ၊ အခန်း(၅)၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁ ၆၈၆၆၀။**

## သတိပေးတားမြစ်ခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်း အမှတ်-၃၄၄/B၊ သြဘာလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းတွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်းသည် ဦးမောင်လှ၊ အခန်းအမှတ်(၂/၇)၊ တိုက်အမှတ် ၂၉၂(B)၊ ရွှေတိဂုံဘုရားလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းတွင်နေထိုင်သူအပေါ် လင်မယားကွာရှင်းပြီး ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ လင်မယားနှစ်ဦးပိုင်ဆိုင်သည့်-

- ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ အင်းတကော် အထူးဒေသဇုန်ရှိ ရော်ဘာစိုက်ခြံ အကွက်အမှတ်(၆၅)၊ စုစုပေါင်းဧက (၈၀၀)ခန့်ရှိ မြေကွက်နှင့် အခြားမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ စွန့်လွှတ်ခြင်းနှင့် ပေးကမ်းခြင်း မပြုလုပ်ရန်သတိပေး တားမြစ်အပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းအောင်** | **ဦးစိုးလွင်(စဉ်-၅၄၆၂)** |
| **ဝိဇ္ဇာဘွဲ့(ဥပဒေ)ဥပဒေဘွဲ့** | **ဦးကျော်ညွန့်(စဉ်-၆၁၇၁)** |
| **တရားရုံးချုပ်ရှေ့နေ** | **ဦးလှဝင်း(စဉ်-၆၁၈၉)** |
| **(စဉ်-၂၁၆၄)** | **တရားရုံးချုပ်ရှေ့နေများ** |

**ရုံး-အခန်း ၂၀၃၊ ဒု-ထပ် MAC Tower**
**အမှတ် ၅၆၃၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁-၆၁၃၆၄၊ ၀၁-၇၀၇၃၄၇**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

တောင်ဥက္ကလာပ၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်းနေ ကျွန်မ မခင်လေးမွန် [၁၂/မဂဒ (နိုင်) ၀၁၉၅၀၀]သည် ကိုအောင်မျိုးဇော် (ကိုညီညီ) [၁၂/ဥကတ(နိုင်)၀၅၂၈၇၃]နှင့် လွန်ခဲ့သော (၄)နှစ်က မြောက်ဥက္ကလာပမြို့နယ် တရားရုံးတွင် ဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ပေါင်းသင်းခဲ့ပါသည်။

အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့ပါသော်လည်း မပြုပြင်သည့် ကိုအောင်မျိုးဇော် (ကိုညီညီ)၏ လူမှုရေးဖောက်ပြန်မှုများအား သည်းမခံနိုင်တော့ပါသဖြင့် ၁၃-၆-၂၀၀၇နေ့တွင် မရမ်းကုန်းမြို့နယ် တရားရုံးတွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် မည်သို့မျှမသက်ဆိုင်တော့ပါကြောင်း သိစေအပ်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

**မခင်လေးမွန် [၁၂/မဂဒ(နိုင်)၀၁၉၅၀၀]**

# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပုလဲကွန်ဒိုနေ
ဦးအောင်မြင့်–ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်မာမာတို့၏သား

**မောင်ဝင်းမင်းအောင်**

Bachelor of Science in Business Administration, U.S.A

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်–၃၁(စီ)နေ
ဦးခင်မောင်ပွန်–ဒေါ်ရီရီဦးတို့၏သမီး

**မဆုမြတ်ဦး**

M.C.Sc (U.C.S.Y), Master of Computing
(National University of Singapore)

တို့၏ ၁၂–၆–၂၀၀၇ရက်နေ့တွင် မြရိပ်ညိုဟိုတယ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဒေါ်လွင်လွင်အေးကျော်(တွဲဖက်ညွှန်ကြားရေးမှူး၊ တရားမ တရားစီရင်ရေးဌာန၊ တရားရုံးချုပ်)၊ ၁၅–၆–၂၀၀၇ ရက်တွင် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်၌ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁၇–၆–၂၀၀၇ရက်တွင် Sedona Hotel Grand Ballroom ၌ ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာညည့်ခံပွဲသို့ မင်္ဂလာ လက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် မိသားစုအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကုံးဆင်မြန်းပေးပါသော ဒေါက်တာမောင်သင်း (ပါမောက္ခချုပ်၊ အငြိမ်းစား၊ ဒဂုံတက္ကသိုလ်)နှင့်ဇနီး ဒေါ်ခင်စောအေး(ကထိက၊ ငြိမ်း၊ ပထဝီဝင်ဌာနမှူး၊ ILBC)၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော Capt. ခင်မောင်မင်း (President Singa Star Pte Ltd.Singapore)နှင့် ဇနီး Mrs. Sheila မင်း၊ Sedona Hotel Mindon Room ၌ ကျင်းပသော ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းမင်းအောင်–မဆုမြတ်ဦး**

# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်(၁၇၈)နေ
(ဦးအေးအောင်)(ဒု–အထွေထွေမန်နေဂျာ၊ မြန်မာ့ကုန်တိုက်–ငြိမ်း၊ M.D ဖက်စပ်–၄ ငြိမ်း)–
ဒေါ်ခင်စု(အထက်တန်းပြ–ငြိမ်း)တို့၏ တစ်ဦးတည်းသောသား

**ဗိုလ်မှူးတင်မြင့်သိန်း**

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ နွယ်သာကီလမ်း၊ တိုက်(၂၁၅)၊ အခန်း(၆)နေ
ဦးညွန့်ဆွေ–ဒေါ်စန်းစန်းရီ တို့၏ သမီးငယ်

**ဗိုလ်ကြီးရီရီဆွေ**

တို့၏ ၁၇–၆–၂၀၀၇ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲ အခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တပ်မှူး ဗိုလ်မှူးကြီးထွန်းထွန်းနှင့် ဇနီး ဒေါ်ရီရီဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးတင်မြင့်သိန်း–ဗိုလ်ကြီးရီရီဆွေ**

TALENTS & MODELS

(၂၁)ရာစု ယနေ့လူငယ်များအတွက်
အခြေခံ ပြောဆိုဆွေးနွေးကြေငြာရေး သင်တန်း ၂၀၀၇

BASIC M/C, PRESENTER COURSE 2007

သင် - - -
- အခမ်းအနားမှူးနဲ့အစီအစဉ်ကြေငြာတင်ဆက်သူဖြစ်ချင်ပါသလား?
- သင့်ရဲ့အသံ၊ ဟန်ပန်၊ ဝေါဟာရစကားလုံးတွေနဲ့ ပရိတ်သတ်ကို ပေးဆပ်ချင်ပါသလား?
- ကိုယ်ပိုင်ဟန်နဲ့စမတ်ကျကျ၊စတိုင်ကျကျ၊ပြောရေးဆိုရာကျွမ်းကျင်တဲ့ အခမ်းအနားမှူးတစ်ဦး၊ အစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်ချင်တယ်ဆိုရင်တော့၊ သင့်ရဲ့ ၀တ်လျှိုးနေတဲ့ အရည်အသွေးတွေကို ဒီသင်တန်းမှာ စမ်းသပ်ဖော်ထုတ်ကြည့်လိုက်ပါ - - - -




နည်းစနစ်ကျကျ လေ့ကျင့်သင်ကြားပေးမယ့်သူက- ဒေါ်တင်မိုးလွင်

နေ့ရက် - ရန်ကုန် (၆•၇•၂၀၀၇) မှ (၁၅•၇•၂၀၀၇)
- မန္တလေး (၁၇•၇•၂၀၀၇) မှ (၂၆•၇•၂၀၀၇)
နေရာ - Talents & Models Co.,Ltd (ရန်ကုန်)
အာရှပလာဇာ ပထမထပ်၊ (၃၈)လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၁၁၀၅~၀၆ (Ext: ၆၂၉၊ ၈၂၀)
- Talents & Models Co.,Ltd (မန္တလေး)
Ray World Office Complex
(ရတနာပုံဈေးအပေါ်ဆုံးထပ်)
ဖုန်း- ၇၉၅၆၂ ၇၉၆၆၈၊ ၇၉၅၄၉ (Ext: ၄၄၂)

- ရန်ကုန်အတွက် ဇူလိုင်(၃)ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါပြီ။
- မန္တလေးအတွက် ဇူလိုင်လ(၁၃)ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါပြီ။

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ၂၉–လမ်း၊ ၈၃–၈၄ လမ်းကြား၊ အမှတ် (၁၉၁) နေ ဦးနီ–(ဒေါ်သန်းကြည်) တို့၏ ဒုတိယသား

**မောင်သိန်းဝင်း(ခ)စိန်သောင်း**

B.Econ. (Statistics), G.M (Asia World Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ၂၅–ရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ် (၂၄၆)၊ အခန်း ၂ နေ
ဦးအေးမောင်–ဒေါ်အုန်းကြည်တို့၏ ဒုတိယသမီး

**မမြင့်စိန်**

B.Sc. (Maths), Diploma in Accounting (UK), Diploma in Chinese (YUFL)

တို့၏ ၁၇–၆–၂၀၀၇ ရက်တွင် Traders Hotel ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် လက်ဖွဲ့ပစ္စည်းများပေးပို့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သိန်းဝင်း(ခ)စိန်သောင်း–မမြင့်စိန်**

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ ဇောတိကအိမ်ရာနေ
ဦးတင်အောင်(တိုင်းအင်ဂျင်နီယာ၊ လယ်ယာ/ထွက်ကုန်)–ဒေါ်သန်းသန်းအေး
တို့၏သား

**ဗိုလ်တင့်ထူးနိုင်**

(B.C.Sc) (D.S.A),M.C.Sc (U.C.S.Y)
Global English (Upper Inter;)

နှင့်

ရန်ကုန်မြို့၊ ဆရာစံလမ်း၊ ပြည်ထောင်စုလမ်းသွယ်၊ ဗဟန်းမြို့နယ်နေ
ဦးတင်အောင်–ဒေါ်ခင်စန်းကြည်တို့၏သမီး၊
ညောင်တုန်းမြို့၊ ၁၁–လမ်းနေ ဒေါ်ခင်မျိုးလှိုင်(အန်တီပို)၏တူမသမီး

**မဇွန်ဝင့်ဝင့်ထင်**

B.Sc (Physics)

တို့သည် ၁၇–၆–၂၀၀၇(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel မင်းတုန်းခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘဆွေမျိုးများနှင့်**
**ဗိုလ်တင့်ထူးနိုင်–မဇွန်ဝင့်ဝင့်ထင်**

## အကောက်ခွန်ဦးစီးဌာန အမျိုးသမီးအမှုထမ်းနေရာများ
## အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ အကောက်ခွန်ဦးစီးဌာန၊ အမျိုးသမီးအမှုထမ်းနေရာများ လျှောက်လွှာတင်သွင်းလျှောက်ထားသူများအနက် အရည်အချင်းစစ် စာမေးပွဲဖြေဆိုခွင့် ရရှိသူများ၏ အမည်စာရင်း၊ ခုံအမှတ်စာရင်းများနှင့်ဖြေဆိုရမည့်စာစစ်ဌာနတို့ကို (၁၈–၆–၂၀၀၇) ရက်နေ့မှစတင်၍ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ရန်ကုန်မြို့၌ကြေညာထားမည်ဖြစ်သည်။

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို(၂၀–၆–၂၀၀၇)ရက်နေ့မှစတင်၍နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)တင်ပြကာ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)စီမံရေးရာဌာနခွဲ၌ကိုယ်တိုင်ထုတ်ယူနိုင်သည်။

၃။ အရည်အချင်းစစ်စာမေးပွဲကို (၂၄–၆–၂၀၀၇)ရက်နေ့တွင် အောက်ပါအတိုင်းဖြေဆိုရမည်–
(က) သင်္ချာ – ၀၉း၀၀ နာရီ မှ ၁၁း၀၀ နာရီအထိ
(ခ) အင်္ဂလိပ်စာ – ၁၃း၀၀ နာရီ မှ ၁၅း၀၀ နာရီအထိ

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ ဖြေဆိုခွင့်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) တစ်ပါတည်း ယူဆောင်လာရမည်။ တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

**အကောက်ခွန်ဦးစီးဌာန**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်ထွန်းထွန်းဝင်း၏ PP နံပါတ်–၇၆၉၅၂၁ မှာ သွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် မေတ္တာရပ်ခံပါသည်။
**ဖုန်း–၂၂၃၈၂၀၊ ၀၉–၅၁၆၃၄၈၄**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၇–၆–၂၀၀၇ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၄)ပါ မေယွန်းထက်(ခ)ဖန်းဖန်းရဲ့ (၁) နှစ်ပြည့် မွေးနေ့ကြော်ငြာတွင် ဒေါ်သက်ယမင်းဦးအစား ဒေါ်သက်ယမင်းစိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**B 600 လေးဘီးကား ရောင်းမည်**

သန့်လျှင်လိုင်စင်ဝင်ပြီး အခွန်ကျေ အမှတ်(၇၆၅)၊ ရွှေအုတ်ဂူ(၂)လမ်း၊ (၈)ရပ်ကွက်၊ သာကေတ၊ အဝိုင်းထိပ် **ဖုန်း–၀၉ ၅၁၅၄၄၁၆**

ချောင်းဆိုးပြီးအသံဝင်အသံပျက်မှာလဲ မပူနဲ့
လိပ်ခေါင်းထွက်မှာလဲ မကြောက်နဲ့
နိုင်ငံကျော် ဖွန်ချီ
သလိပ်ပျော်အသံကောင်းဆေးနဲ့
လိပ်ခေါင်းပျောက်ဆေးရှိတယ်
အမြို့မြို့ဆိုင်တိုင်းတွင်ရနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06263 တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06286
ပင်ရင်း- အမှတ် (၂၆၁)၊ ရွှေဘုံသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ☎ 01-384651

## မင်္ဂလာဗျူဟာအသင်း သွေးလှူဒါန်းမည်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၈၉)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဇွန် ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်၍ မည်သူမဆိုလာရောက် သွေးလှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူရှင်များအတွက် အာဟာရကုသိုလ်၊ ပဒေသာမဲ (အမှတ်တရပစ္စည်း) ပေးရန်အတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူတို့သည် အထက်ပါအသင်းချုပ် ဖုန်း–၃၇၀၉၅၈သို့ ဆက်သွယ်နိုင်ကြောင်းနှင့် သွေးလှူဒါန်းမည့်သူများသည် ဇွန် ၂၃ရက် နံနက် ၇နာရီမှစ၍ လူကိုယ်တိုင် အသိအမှတ်ပြုကတ်ပြားပေး၍ စာရင်းပေးနိုင်ကြောင်း သွေးလှူဒါန်းပွဲကျင်းပရေးအဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၂၃)ဖြန့်ချိ

**ရန်ကုန် ဇွန် ၁၇**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ "အွန်စောတို့ဌာနေ" အခန်းဆက်ခရီးသွားဆောင်းပါး "ကမ္ဘာကို ဖောက်ပေါက်နေသော ကိုရီးယားရုပ်ရှင်များ"နှင့်အတူ အိမ်ရာစီမံကိန်းများ ရန်ကုန်မြို့တော်စည်ပင်၏ အတည်ပြုချက်ရမှသာ ဖော်ထုတ်ခွင့်ပြုမည်၊ အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှု မြန်မာမမှု၊ ပညာလိုအိုသည်မရှိ ၈၀မှာ ဘွဲ့ရပြီ၊ အစ္စရေးနိုင်ငံ အခြေစိုက် ကွန်တိန်နာတင် သင်္ဘောလိုင်းအတွက် ကျွမ်းကျင် မြန်မာသင်္ဘောသားများ ရယူလို၊ ကမ္ဘာ့အကြီးဆုံး မြန်မာ့ပုလဲနှစ်လုံး ကျောက်မျက် ပြတိုက်တွင် ထိန်းသိမ်းထားဆဲ၊ မြို့တော်အခမဲ့ဆေးခန်းများ ရန်ကုန်တိုင်း တစ်တိုင်းလုံးဖွင့်မည် စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"ဘောလုံးပွဲတစ်ပွဲ၏ ရသနှင့် ပြဿနာရှာသူ ပြဿနာဖြေရှင်းသူတို့၏ ပဋိပက္ခ" အားကစားဆောင်းပါးနှင့်အတူ နတ်ကြီးသော တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသားကိုသာမက မိဘကိုပါ ခြောက်လှန့်၊ ဟာဝေယံကန္နားရွက်လှေ "ဟိုကူလီယာ"၏ သမိုင်းဝင်ခရီး၊ တရုတ်နိုင်ငံတွင် တရားမဝင်သွေး စုဆောင်းခြင်းနှိမ်နင်း၊ အဂတိလိုက်စားမှု၊ ကင်ဆာရောဂါကို အမြစ်မှ နုတ်ပယ်ရန် ထိုင်းဝန်ကြီးချုပ်ကတိပြု၊ အာရှဈေးကွက်တွင် ရေနံဈေးကျနေ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

# ဓာတ်အားလိုင်းများအတွက် မှာယူထားသောပစ္စည်းများ အချိန်မီပေးပို့ဆောင်ရွက် ဝန်ထမ်းတိုင်း စွမ်းအားမြှင့်တင်ပြီး လုပ်ငန်းတိုးတက်အောင် ပူးပေါင်းစွမ်းဆောင်

ရန်ကုန် ဇွန် ၁၇

**အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးတင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၅ ရက်တွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(တောင်ပိုင်း) အလုပ်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ရောက်ရှိပြီး ရဲရွာရေအားလျှပ်စစ်စက်ရုံစီမံကိန်းမှ ဘဲလင်းဓာတ်အားခွဲရုံနှင့် ရွှေစာရံဓာတ်အားခွဲရုံသို့ ဆက်သွယ်မည့် မဟာဓာတ်အားလိုင်း၊ ရဲရွာရေအားလျှပ်စစ် စက်ရုံစီမံကိန်းမှ မိတ္ထီလာ ဓာတ်အားလိုင်း၊ ဘဲလင်းမှမိတ္ထီလာ ဓာတ်အားလိုင်း စီမံကိန်းများတွင် အသုံးပြုရန်အတွက် ပြည်ပမှရောက်ရှိလာသော ယာဉ်ယန္တရားများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား အလုပ်ရုံဌာနရှင်းလင်းခန်းမ၌ ပစ္စည်းစီမံရေးဌာန အထွေထွေမန်နေဂျာဦးသန်းဝင်းက ရဲရွာရေအားလျှပ်စစ်စက်ရုံ စီမံကိန်းမှ ဘဲလင်းဓာတ်အားခွဲရုံနှင့် ရွှေစာရံဓာတ်အားခွဲရုံသို့ ဆက်သွယ်မည့် မဟာဓာတ်အားလိုင်း၊ ရဲရွာရေအား လျှပ်စစ်စက်ရုံစီမံကိန်းမှ မိတ္ထီလာဓာတ်အားလိုင်း၊ ဘဲလင်းမှ မိတ္ထီလာ ဓာတ်အားလိုင်း စီမံကိန်းများ၌ အသုံးပြုရန်အတွက် တရုတ်နိုင်ငံ (CHMC) ကုမ္ပဏီမှပေးပို့ တင်သွင်းရောက်ရှိလာသော Mobile Self Loading Concrete Mixers ရှစ်လုံး၊ Two Wheel Drive Dumpers of 5t Capacity ရှစ်စီး၊ Wheel Loader (ZL 30)with a Shovel နှစ်စီးနှင့် Wheel Loader (ZL30) With a Forgk လေးစီးတို့ကို လက်ခံရရှိမှုအခြေအနေ၊ ယာဉ်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများပြည့်စုံကောင်းမွန်စွာလက်ခံရရှိမှုအခြေအနေ၊ ယာဉ်ကြွဲခိုင်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ပြည်ပ) **စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪**



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (တောင်ပိုင်း) အလုပ်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် ပြည်ပမှရောက်ရှိလာသော ယာဉ်ယန္တရားကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များကြည့်ရှု ပရဆေးဥယျာဉ်နှင့် နေပြည်တော် ခုတင်(၃၀၀) ဆေးရုံကို စစ်ဆေးပြီး ဖြည့်ဆည်းမှာကြား

နေပြည်တော် ဇွန် ၁၇

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ နေပြည်တော် မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးအဆင့်မြင့်ကျောင်း လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း လှုပ်ရှားမှုအစီအစဉ်တစ်ရပ်ကို ကွင်းဆင်းကြည့်ရှုသည်။**



လှုပ်ရှားမှုအစီအစဉ်များအဖြစ် ကျောင်းတွင်း၊ ကျောင်းပြင် ပိုးသတ် ဆေးဖျန်းခြင်း၊ မှုတ်ခြင်း၊ စာသင်ခန်း ခန်းဆီးများ ပိုးသတ်ဆေးစိမ်ခြင်း၊ နေပြည်တော်ရှိ ပညာရေး ဝန်ထမ်းများအား ကျောင်းကျန်းမာရေး ပညာပေးခြင်းနှင့်ကျောင်းသား၊ ကျောင်းသူများ၏ "ခြင်အန္တရာယ် တို့ကာကွယ်" သရုပ်ပြခြင်း၊ ကျောင်းအဆင့် ကျောင်းကျန်းမာရေးနှင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပြခန်းငယ်ဖြင့် ပညာပေးခြင်းနှင့် ကျောင်းရေကန်ကို ကလိုရင်း ဆေးခတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးသည်။

ကျန်းမာရေး အဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်း လှုပ်ရှားမှု အစီအစဉ်များကို ကျောင်းသား၊ ကျောင်းသူများ ရောဂါကင်းဝေး၍ ကျန်းမာစေရန်အတွက် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးအဆင့်မြင့် ကျောင်း လုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကူးစက်ရောဂါ ကာကွယ်ရေး၊ မှုမှန်ကျန်းမာရေး အလေ့အကျင့်များ ကျင့်သုံးရေး စသည့် ကျန်းမာရေးအဆင့်မြင့် ကျောင်း လုပ်ငန်းစဉ်များအား ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ၊ဝမ်းပျက်ဝမ်းလျှောရောဂါများအားကြိုတင် ကာကွယ်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်း ဖြစ်သည်။

ယင်းလှုပ်ရှားမှု အစီအစဉ်သို့ ကျန်းမာရေး ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ညွှန်ကြားရေးမှူးနှင့် **စာမျက်နှာ၇ ကော်လံ၃သို့ ❍**

## ကြည့်ရှုအားပေး

**ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီးများ နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျန်းမာရေး အဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# NLD ပါတီခေါင်းဆောင်များ၏ကိုယ်ကျိုးရှာလုပ်ရပ်များနှင့် အနောက်နိုင်ငံကြီးများအပေါ် မှီခိုအားထားလွန်းပြီး နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်နေမှုများကြောင့် အရာတော်မြို့နယ်မှ ပါတီဝင် ကိုးဦးနုတ်ထွက်

**ရန်ကုန် ဇွန် ၁၇**

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မကြီးကန်ကျေးရွာအုပ်စု၊ ဝက်ပြစ်ရွာနေ ဦးညိမ်းမောင်၊ ဦးသိန်းအောင်၊ ဦးကံမြင့်နှင့် ဦးစံတင်တို့သည် မေ ၃၁ရက်တွင်လည်းကောင်း၊ အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ဖြစ်ကြသော ဦးညွန့်၊ ဦးချစ်တီး၊ ဦးအုန်းဖေ၊ ဒေါ်မန်းလှိုင်နှင့် **စာမျက်နှာ ၇ ကော်လံ ၃ သို့ ✳**